
တတိယအကြိမ်
ချမ်းငြိမ်း (ဟံသာဝတီ)

# အိမ်ကျွန်

## ချမ်းငြိမ်း(ဟံသာဝတီ)

## အချီးနိဒါန်း

## မန်ဒီနေဇာ ...

ဆူဒန်နိုင်ငံတောင်ပိုင်း ကော်ဒိုဖန် ပြည်နယ်တွင်ရှိသော နူဘာ တောင်တန်းများ ဝိုင်းရံထားသည့် ရွာလေးတစ်ရွာတွင် နေထိုင်ကြသော နူဘာလူမျိုးစုမှ မွေးဖွားလာသူဖြစ်သည်။ အလွန်ဆင်းရဲသည့် ဆူဒန်နိုင်ငံတွင် မွေးဖွားခဲ့သော မန်ဒီနေဇာသည် ဆရာဝန်တစ်ဦးဖြစ်ရန် ရည်ရွယ်ချက်ရှိပြီး ဆင်းရဲမွဲတေလှသည့် ဆူဒန်နိုင်ငံကို ကမ္ဘာ့စင်မြင့်ပေါ်သို့ တင်ပေးချင်သော စိတ်ကူးယဉ် အိပ်မက်များ ရင်ထဲကိန်းအောင်းနေသူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် မန်ဒီနေဇာ အသက် ၁၂နှစ် အရွယ် မူဂျာဟစ် သောင်းကျန်းသူများ ရွာထဲဝင်လာကာ အပျို၊ အအို အမျိုးသမီးအားလုံးကို မုဒိမ်းကျင့်၊ ကလေး လူကြီးမရွေး လည်လှီးသတ်ဖြတ်ပြီး တစ်ရွာလုံး မီးရှို့ကာ မန်ဒီနေဇာအား ဖမ်းဆီးခေါ်ဆောင် သွားခဲ့သည်။ ဆူဒန်နိုင်ငံရှိ ရက်စက်ကြမ်းကြုတ်လှသော မူဂျာဟစ် သောင်းကျန်းသူများက မန်ဒီနေဇာအား နှိပ်စက်ကာ ဆူဒန်နိုင်ငံ ခါတိုမြို့ရှိ ချမ်းသာသော အာရပ်အမျိုးသမီး တစ်ဦးထံသို့ ကျွန်အဖြစ် ရောင်းစားခဲ့သည်။ စားရသည်က စားကြွင်းစားကျန်၊ လုပ်ရသည့် အိမ်မှုကိစ္စ အချိန်ပြည့်၊ ငွေကြေးလစာမရ၊ အိပ်ရသည်မှာလည်း ခြံဝင်းထဲရှိ အလုံပိတ်ထားသော အခန်းလေးထဲတွင် အိပ်စက်ရကာ ဒုက္ခများစွာကို ခါးစည်းခံခဲ့ရသည်။ ဆယ်နှစ်ခန့် ကြာပြီးနောက် မန်ဒီနေဇာ

လေးမှာ ၂၀၁၂ ခုနှစ် နိုင်ငံတကာ အသားအရောင် ခွဲခြားမှု ပပျောက်ရေး ဥရောပ လူ့အခွင့်အရေးဆု၊ ဆူဒန်နိုင်ငံ ကျွန်စနစ်ပပျောက်ရေး တက်ကြွလှုပ်ရှားမှုများ နိုင်ငံတကာသို့ ပြန့်စေခဲ့သူဆု၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ ဆုများအား ချီးမြှင့်ခံခဲ့ရသည်။

***

အမှာစာ

လောက၌ အယုတ်မာဆုံး စီးပွားရေးသည် လူကုန်ကူးမှုပင်ဖြစ်သည်။ လူကို အညွန့်တုံး၊ မျိုးသုဉ်းမျိုးပျက်စေသော ကိစ္စဖြစ်သည်။ ထိုအဖြစ်မျိုးမှ လွတ်မြောက်ရှင်သန်ကြသူ နည်းပါးသည်။ ထိုလွတ်မြောက်သူ အနည်းအပါးမှ တစ်ယောက်သောသူမှာ ဆူဒန်နိုင်ငံသူ မန်ဒီနေဇာပင် ဖြစ်သည်။ မန်ဒီသည် ဆူဒန်နိုင်ငံတောင်ပိုင်း နူဘာတောင်တန်းဒေသ နူဘာရွာတစ်ရွာတွင် ကြီးပြင်းလာခဲ့သော နူဘာတိုင်းရင်းသူတစ်ဦး ဖြစ်သည်။ သူမ၏ ပျော်ရွှင်ဖွယ်ရာ ကလေးဘဝသည် သူမ တစ်ဆယ့်နှစ်နှစ် အရွယ်တွင် ရက်စက်စွာ ဖြတ်တောက်ခံလိုက်ရသည်။ တစ်ည မူဂျာဟစ်ဒင် လက်နက်ကိုင်များ သူမရွာကို ဝင်ရောက် စီးနင်းခဲ့ကြသည်။ ယောကျ်ားများကို သတ်ဖြတ်ပစ်သည်။ မိန်းမများကို မုဒိမ်းကျင့်သည်။ ကလေးများကို ကျွန်အဖြစ်ရောင်းစားရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို အဖမ်းအဆီးခံ ကလေးများတွင် မန်ဒီနေဇာ ပါရှိခဲ့သည်။ သူမသည် ဆူဒန်နိုင်ငံ၏ မြို့တော်ဖြစ်သော ခါတွန်မြို့ရှိ အာရပ်တစ်ဦးထံ ရောင်းချခံခဲ့ရသည်။ သူမ၏ နာမည်ရင်းလည်းပျောက် လူသတ္တဝါအဖြစ် အခြေခံလွတ်လပ်ခွင့်များ ဆုံးရှုံးပြီး ထမင်းစားကျွန်ခံ အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ နောက် ခုနစ်နှစ်တာ ကာလပတ်လုံး သူမသည် ငွေတစ်ပြား တစ်ချပ်မျှမရ၊ နားရက်တစ်ရက်မှ မရဘဲ ကျွန်အဖြစ် လုပ်ကိုင်ခဲ့ရသည်။ သူမကို ကျွေးသည်က

စားကြွင်းစားကျန်၊ သူမ၏ အိပ်ရာက ခြံထဲရှိသည့်တဲ တစ်တဲ၏ မြေကဗ္ဗလာ အခင်းတွင်ဖြစ်သည်။ ထိုအိပ်ရာသို့ သူမဝင်ပြီဆိုလျှင် အိမ်ရှင်က တံခါးကိုအပြင်မှ သော့ခတ်ပစ်လိုက်သည်။ သူမ ထွက်မပြေးနိုင်အောင်ဖြစ်သည်။ မန်ဒီသည် မိဘ၊ မောင်နှမသားချင်းများ သေမှန်းမသိ၊ ရှင်မှန်းမသိဖြင့် ခုနစ်နှစ်ကြာ ဒုက္ခခံပြီးနောက် သူမ၏သခင်မသည် သူမကို နောက်ဆွေမျိုးသားချင်း တစ်ယောက်ထံ လက်လွှဲပေးလိုက်သည်။ သို့ဖြင့် မန်ဒီသည် သူမ၏ သခင်မအသစ် လင်ယောက်ျား တာဝန်ကျရာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ၎င်းတို့၏ အိမ်ကျွန်အဖြစ် ရောက်လာခဲ့သည်။ လန်ဒန်တွင် နှစ်နှစ်ကြာ နေထိုင်ပြီးနောက် မန်ဒီသည် ထွက်ပြေးရဲလောက်အောင် သတ္တိရှိသွားခဲ့သည်။ သူမသည် ဗြိတိန်အစိုးရထံတွင် နိုင်ငံရေး ခိုလှုံခွင့် လျှောက်ခဲ့သည်။ သူမသည် သူမ၏ ပထမဦးဆုံး စာအုပ်ဖြစ်သော "Slave: The ture Story of a girl's lost childhood and fight for Freedom" စာအုပ်ကို ရေးသားနေစဉ် ဗြိတိန်နိုင်ငံသား ဖြစ်ခွင့်ရခဲ့သည်။ ထိုစာအုပ်ကို ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်၌ သူမ၏ ကလေးဘဝဆုံးရှုံးရပုံ၊ ဘဝ အမှောင်အမိုက် ကျွန်သက်သက် အဖြစ်မှ ရုန်းထွက်ခဲ့ရပုံကို တင်ပြထားသည်။ ထို့နောက် ဒုတိယစာအုပ်ဖြစ်သော Slave: My True story စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်ကို ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယစာအုပ်တွင် သူမ၏ ဇာတိတိုင်းပြည်တွင် ကြုံတွေ့ခံစားနေရသော ဒုက္ခအကြောင်းများအား ပို၍ဦးစားပေး ရေးသားထားသည်။ မလှပသော ဘဝများကို လှသောဘဝများ ဖြစ်အောင် ကိုယ်တိုင်လမ်းပြ ဦးဆောင်ပေးနေသော ချမ်းငြိမ်း(ဟံသာဝတီ)မှ ထိုစာအုပ် Slave. My Story ကို အိမ်ကျွန်ဟု အမည်ပေးကာ ဆီလျော်အောင် ဘာသာပြန် တင်ပြထားသည်။ ပလောင် ရွေးပေးသည့်အတွက် လက်ဖက်မကောင်းမှာ စိတ်ပူစရာ မလိုသလို

ဤစာအုပ်သည်လည်း ကလောင်လက်နဲ့ စာအချက် တစ်ထပ်တည်းကျကာ လူကြိုက်များမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားလိုပါသည်။

နိုင်သစ်

***

စာရေးသူ၏ အမှာစာ

အမျိုးသမီးငယ်တိုင်း ...

မိခင်တိုင်း ...

ထိုထက်ပို၍ လူငယ်တိုင်းသို့ ...

လူ့ဘဝတွင် ဖြစ်တည်နေသော အခက်အခဲများ၊ ဘဝပြဿနာများ၊ လူ့အသိုင်းအဝိုင်း၏ မပြီးဆုံးနိုင်သော ဒုက္ခမိုးကြိုး မုန်တိုင်းများကို ဖောက်ထွက်ကာ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့သော၊ ခွင့်လွှတ်နားလည်သော ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်စေရန်ရည်ရွယ်၍ စာရေးသူအနေဖြင့် ရသစိတ် အာဟာရစာပေများအား ရေးသားလျက် ရှိလာသည်မှာ လေးနှစ်တာခရီးကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ လူငယ်အကျိုးပြု စာပေများ ရေးသားလာခဲ့ရာ ယခု "အိမ်ကျွန်"စာအုပ်မှာ ကျွန်တော်၏ ဆဋ္ဌမမြောက် စာအုပ်ဖြစ်ပြီး စာရေးသူ၏ ဒုတိယဘာသာပြန် ရသစိတ်အာဟာရ လုံးချင်းဝတ္ထုလည်း ဖြစ်ပါသည်။

လူဟူသည် မိမိရောက်ရှိနေသော မိမိ ကျင်လည်ဖြတ်သန်းရာ ပတ်ဝန်းကျင်တွင် ရပ်တန့်မနေဘဲ မိမိအနာဂတ် အလင်းတန်းတွက် တိုးတက်ပြောင်းလဲခြင်းနှင့် အတူ လိုက်ပါရွေ့လျားရမည်မှာ အမှန်ပင် ဖြစ်သည်။ လူတိုင်းဘဝတွင် ခက်ခဲသော ဒုက္ခအချိုးအကွေ့များ၊ လူတိုင်းဘဝတွင် ကြမ်းတမ်း ရိုင်းစိုင်းသော အမှောင်လွှမ်း ဘဝမုန်တိုင်းများ၊

ကြုံတွေ့ရတတ်ပါသည်။ ထိုဒုက္ခမီးလျှံများအား ကြံ့ကြံ့ခံရင်ဆိုင်ကာ မိမိ အနာဂတ် တောက်ပြောင် ဝင့်ကြွားလိုသူတိုင်း ပြောင်းလဲခြင်းနှင့် လိုက်ရွေ့ ရစမြဲ ဖြစ်ပါသည်။ စာရေးသူ ပရိသတ်ထံသို့ အပ်နှံလိုက်သော ယခု စာရေးသူ ဘာသာပြန်သည့် ဖြစ်ရပ်မှန်ရသ စာအုပ်ဖြစ်သည့် အိမ်ကျွန်သည် Amazon.comတွင် ကြယ်ငါးပွင့်ရ အရောင်းရဆုံး စာအုပ်ဖြစ်ပါသည်။ အမိက ဇာတ်ဆောင် မန်ဒီနေဇာသည် ဆူဒန်နိုင်ငံတောင်ပိုင်း နူဘာ တောင်တန်းများ ဝန်းရံနေသည့် ရွာလေးတစ်ရွာမှာ နေပါသည်။ တစ်နေ့ မူဂျာဟစ်ဒင်သူပုန်များ မန်ဒီနေဇာတို့နေထိုင်သော ရွာလေးသို့ ရောက်ရှိလာကာ အမျိုးသမီးများကို မုဒိမ်းကျင့် ယောကျ်ားများကိုသတ် မိန်းကလေးငယ်များ ဆယ်ကျော်သက် ယောကျ်ားလေးများကို ဖမ်းဆီးသွားခဲ့သည်။ အသက်ဆယ့်နှစ်နှစ်အရွယ် မန်ဒီနေဇာကို ဖမ်းဆီး၍ ချမ်းသာသော အမျိုးသမီးကြီးထံ ရောင်းစားခဲ့ပြီး မန်ဒီနေဇာလေးမှာ အိမ်ကျွန်ဘဝဖြင့် အခန်းကျဉ်းလေးထဲ နေထိုင်ရကာ စားရတော့ စားကြွင်းစားကျန်၊ တစ်နေ့ကို နာရီပေါင်းများစွာ အိမ်အလုပ်များကို အနှိပ်စက်ခံ၊ အညဉ်းဆဲခံ ပိတ်လှောင်ခံဘဝနှင့် ပညာရေးဆိုတာမသိ၊ ငွေကြေး ဆိုတာမမြင်ဘူး၊ ဖုန်းမသုံးတတ်၊ တီဗီ ရေဒီယိုဆိုတာမကြားဘူး၊ မသိဘူးသော မန်ဒီနေဇာဖြစ်ခဲ့ရသည်။ ရှစ်နှစ်အကြာ အိမ်ကျွန်အနေနှင့် ရောင်းစားခံခဲ့ရသော မန်ဒီနေဇာသည် အိမ်ကျွန်ဘဝမှ လွတ်မြောက်ပြီး အနာဂတ်တစ်ချိန်ချိန်တွင် မိသားစု နှင့် ပြန်တွေ့ရမည်ဆိုသော သန္နိဋ္ဌာန် မလျှော့သော ဇွဲဝီရိယခံ ယူချက်တို့ကြောင့် နောက်ဆုံး အိမ်ကျွန်ဘဝမှ လွတ်မြောက်သွားခဲ့သည်။ အိမ်ကျွန်ဘဝမှ လွတ်မြောက်ပြီးနောက် ဘဝအောင်မြင်ရေး အတွက် ဆက်လက်ကြိုးစားခဲ့ရာ စပိန်နိုင်ငံ မက်ဒရစ်အခြေစိုက် နိုင်ငံတကာ အသားအရောင် ပပျောက်ရေး အသင်းကြီးမှ ပေးအပ်ခဲ့သောဆု၊ ဆူဒန်နိုင်ငံ ကျွန်စနစ် ပပျောက်ရေး

နိုင်ငံတကာသို့ ပျံ့နှံ့စေခဲ့သူဆု၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားမှုဆိုင်ရာ ဆုတို့အား ချီးမြှင့်ခံခဲ့ရသည်။

မန်ဒီနေဇာဖောင်ဒေးရှင်း အသင်းကြီးကို ထူထောင်၍ ဆူဒန်နိုင်ငံတလွှား ပညာရေးဆိုင်ရာ တိုးတက်လာစေရန်၊ သောက်သုံးရေ ရှားပါးလှသော ဒေသများအတွက် ရေတွင်းရေကန်များ တူးပေး၍ ကျန်းမာရေး တိုးတက် လာစေရန် အကူအညီများပေးလျက် ရှိပါသည်။

စာရေးသူတို့ဘဝတွင် မည်မျှ အဆိုးဆုံးဘဝကို ရင်ဆိုင်နေရပါစေ ခက်ခဲကြမ်းတမ်းသော အမှောင်မိုက်ဆုံးဘဝများ ရင်ဆိုင်နေရသောလူသား ဖြစ်ပါစေ၊ အိမ်ကျွန်မငယ်လေး အနှိပ်စက်ခံ၊ အခိုင်းအစေမလေး အနာဂတ်အတွက် အရှုံးမပေးသည့် မန်ဒီနေဇာထံုး နှလုံးမူ၍ အမှောင်မိုက်ဆုံး နေ့ရက်များအား ကျော်ဖြတ်နိုင်ပါစေ ဟူသော စိတ်ကူးဖြင့် "အိမ်ကျွန်"ရသ စိတ်အာဟာရ စာအုပ်အား ပြန်ဆို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ "အိမ်ကျွန်" ရသစိတ်အာဟာရ စာအုပ်သည် မိန်းကလေးတိုင်း၊ သားသမီးရှိသော မိခင်တိုင်း ထိုထက်ပို၍ လူငယ်တိုင်း ဖတ်သင့်ဖတ်ထိုက်သော စာအုပ်တစ်အုပ် အဖြစ် ရှုမြင်ပါလျှင် ဘာသာပြန်ရကျိုး နပ်ပြီဟုသာ ဆိုချင်မိပါတော့သည်။

ချမ်းငြိမ်း(ဟံသာဝတီ)

***

# အခန်း(၁)
# ကျွန်မမွေးရပ်မြေ

အမေ ကျွန်မကိုမွေးပြီးတော့ အဖေက ကျွန်မကို ချစ်စနိုးနဲ့မန်ဒီလို့ နာမည်ပေးခဲ့ပါတယ်။ မန်ဒီဆိုတာ ကျွန်မတို့ ဆူဒန်နိုင်ငံ နူဘာတောင်တန်းတွေမှာ ကျက်စားသွားလာနေထိုင်တဲ့ အလှဆုံးနဲ့ကျက်သရေအရှိဆုံး ဆိတ်မျိုးစိတ်တစ်မျိုး ဖြစ်ပါတယ်။ ကျွန်မဟာ မောင်နှမ ငါးယောက်ထဲမှာ အငယ်ဆုံးဖြစ်ပါတယ်။ အဖေ့မျက်စိထဲမှာတော့ ကျွန်မက ရွာထဲမှာ အလှဆုံး သမီးလေးပေါ့။ ကျွန်မနေထိုင်တဲ့ရွာထဲက အိမ်အများစုဟာ ရွှံ့စေးနဲ့ဆောက်ထားပြီး သက်ကယ်မိုးထားတဲ့ အိမ်ငယ်လေးဖြစ်ပါတယ်။ ကျွန်မတို့ရွာလေးဟာ လေးဘက်လေးတန်မှာ တောင်တွေ ဝန်းရံထားခံရတဲ့ ရွာလေးပါ။ နေ့စဉ် လမ်းလျှောက်နေကျ ရွာသားတွေအနေနဲ့ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရင် တောင်ထိပ်ကို ရောက်နိုင်ပြီး သဘာဝအရသာကို အပြည့်အဝ ခံစားရနိုင်ပါတယ်။

ကျွန်မတို့မိသားစုနေတဲ့ အိမ်ကလေးက စတုရန်းပုံစံပါ။ အိမ်ဝိုင်းထဲမှာ သစ်သားတိုင်၊ သစ်သားရက်မ၊ ရွှံ့စေးကာ သက်ကယ်မိုးထားတဲ့ တဲလေးနှစ်လုံးရှိပါတယ်။ အိမ်ဝိုင်းထဲမှာ ခုံတန်းလျားရှည် နှစ်လုံးရှိပါတယ်။ ညနေဘက် အမေ အလုပ်သိမ်းပြီးချိန်မှာ မိသားစုတွေ မီးပုံကြီးမွေးပြီး ပျော်ရွှင်စရာတွေကို ရယ်ကာမောကာနဲ့ အဲဒီခုံကြီးမှာထိုင်ပြီး ထွေရာလေးပါး ပြောနေကျ။ ကျွန်မတို့ခြံထဲမှာသိုးတွေဆိတ်တွေထားတဲ့ တဲလေးတစ်လုံးလည်းရှိတယ်။ သိုးတွေဆိတ်တွေ ကျွန်မတို့နေတဲ့ တဲထဲကိုဝင်ပြီး အစားအစာတွေ

ခိုးမစားရအောင်လို့ ဂရုစိုက်ရတာလည်း မိသားစုတိုင်းရဲ့ နေ့စဉ်တာ ဝန်တစ်ခုပါ။

ကျွန်မက အိမ်ဝိုင်းထဲက တဲတစ်လုံးမှာ အဖေ၊ အမေနဲ့နေပါတယ်။ တဲထဲမှာ ဝါးနဲ့လုပ်ထားတဲ့ ခုတင်သုံးလုံးရှိပါတယ်။ အဖေကတော့ အမြဲပဲ ကျွန်မနဲ့အမေ အန္တရာယ်ကြုံလာရင်ကာကွယ်ဖို့ တံခါးဝနားမှာ အိပ်လေ့ရှိပါတယ်။ ကျွန်မတို့ရွာက တောင်တွေနဲ့ နီးတော့ အဆိပ်ပြင်းတဲ့ မြွေဆိုး မြွေဟောက်တွေ၊ အသားစားတောခွေးတွေ ပေါလှတာမို့ ကျွန်မနဲ့အမေတို့ဟာ အရမ်းကြောက်လှပါတယ်။ ညတိုင်းဆိုသလို ကျွန်မကြောက်လို့ ကိုယ့်အိပ်ရာမှာ မအိပ်ပါဘူး။ အဖေ ဒါမှမဟုတ် အမေ့အိပ်ရာ ခုတင်မှာ သွားအိပ်တတ်ပါတယ်။ မိုးရာသီနဲ့ ဆောင်းရာသီမှာဆို ကျွန်မတို့ရွာထဲက အိမ်တိုင်းနီးပါးလို တစ်နေ့လုံးနီးပါး တဖြည်းဖြည်းချင်း တောက်လောင်နေတဲ့ မီးပုံလေးတွေ ရှိနေတတ်ပါတယ်။ အဲဒီလို မိုးနဲ့ဆောင်းရာသီတွေမှာ မီးပုံလေးတွေ တစ်နေ့လုံးနီးပါး မွေးထားဖို့ ရွာသူရွာသားတွေဟာ ထင်းခြောက်တွေကို တောထဲကနေ ကောက်ယူ စုဆောင်းထားရပါတယ်။

ကျွန်မဘဝမှာ အမှတ်ရဆုံးကတော့ အဖေ ကျွန်မကို ဘယ်ကရလာမှန်းမသိတဲ့ ကြောင်လေး တစ်ကောင်ကို လက်ဆောင်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ကြောင်လေးဟာ အနက်ရောင်လေးပါ။ အရောင်ကလည်း အရမ်းတောက်ပပါတယ်။ နာမည်ကတော့ ယူရမ်ပါ။ ယူရမ်ဟာ ကြွက်ခုတ်တာ အရမ်းတော်ပါတယ်။ ယူရမ် ကျွန်မတို့တဲမှာ ပြေးလွှားကစားနေတာကို မြင်ရသူတိုင်း ပျော်ရွှင်ကြည်နူး စေပါတယ်။ ညဘက် ကျွန်မခုတင်မှာ မအိပ်ရဲလို့ အမေ့ခုတင်ပေါ် သွားအိပ်တဲ့အခါ ယူရမ်က ကျွန်မအပေါ် ခုန်အုပ်လိုက်ရင် အဖေအိပ်ရာကနေ လန့်နိုးတတ်ပါတယ်။ ကျွန်မနဲ့ ယူရမ်တို့အနှောင့်အယှက်ပေးလို့ တစ်ခါတလေ အဖေ လန့်နိုးရင်

"သွား.. နင်ရော နင့်ကြောင်ပါ ငါ့ခုတင်ကနေ ထွက်သွား"လို့ အသံပြဲကြီးနဲ့ အော်ငေါက်တတ်ပါတယ်။ အဲဒီလို အော်လိုက်ရင် ကျွန်မနဲ့ယူရမ်တို့ ကျွန်မခုတင်ပေါ်သွားပြီး ငိုနေတတ်ပါတယ်။ ငိုသံကြားတိုင်း မနေနိုင်တော့တဲ့အဖေက

"သမီးမန်ဒီ.... သမီးရယ်၊ အဖေရယ်၊ ယူရမ်ရယ် အဖေ့ခုတင်မှာအိပ်လို့ရတယ် လာအဖေနဲ့လာအိပ်" လို့ ပြန်ချော့တတ်လေ့ရှိပါတယ်။

ကျွန်မရဲ့အကြီးဆုံးအစ်မကြီးဖြစ်တဲ့ ရှိုခန်က ကျွန်မတို့ခြံရဲ့နောက်ထပ်တဲလေးမှာ သူမရဲ့ ခင်ပွန်း ကလေးတွေနဲ့ အတူနေကြပါတယ်။ နောက် အစ်မလေးဖြစ်တဲ့ ခွန်ရမ်တ်ကလည်း အိမ်ထောင် မကျသေးတဲ့ ကျွန်မရဲ့ အစ်ကိုတွေဖြစ်တဲ့ ဘာဘိုနဲ့ ခွမ်ရှုရန်တို့က ကျွန်မတို့ အိမ်ဝိုင်းအပြင်ဘက်နဲ့ သိပ်မဝေးတဲ့ လူပျိုတွေသာနေတဲ့ အိမ်လေးတွေမှာ စုနေကြပါတယ်။ ထမင်းစားချိန်ရောက်တိုင်း နီးစပ်ရာဆွေမျိုး ယောကျ်ားလေးတွေကို "ငါတို့နဲ့ ထမင်းလာစားကြပါဦး"လို့ လှမ်းခေါ်ပြီး အိမ်ဝိုင်းအပြင်ဘက်က ကျွန်မအစ်ကိုလူပျိုတွေနေကြတဲ့ လူပျိုအိမ်ကိုသွားပြီး ထမင်းအတူစားကြတာ ကျွန်မတို့ နူဘာလူမျိုးစုတွေရဲ့ဓလေ့တစ်ခုလို ဖြစ်နေပါပြီ။

ကျွန်မတို့ အိမ်ဝိုင်းကနေ လှမ်းခေါ်ရင် ကြားရလောက်တဲ့နေရာမှာ အဒေါ်တွေ ဦးလေးတွေ နေကြပါတယ်။ ကျွန်မတို့ နူဘာလူမျိုးစုတွေဟာ အစားအသောက်တွေ စားကြသောက်ကြတဲ့အခါ တစ်ယောက်ထဲ စားလေ့မရှိပါဘူး။ မိသားစုဝင်ဖြစ်စေ၊ အိမ်နီးနားချင်းဖြစ်စေ ရွာထဲလာလည်တဲ့အခါ အခြားလူမျိုးစုမှ ဧည့်သည်ဖြစ်ပါစေကိုယ်စားသောက်နေတဲ့ အချိန်အခါနဲ့ကြုံကြိုက်ခဲ့ရင် မျှဝေစားရမယ်ဆိုတဲ့ ဓလေ့တစ်ခုရှိပါတယ်။ ဧည့်သည်တွေလာတဲ့အခါ အမေက ပြောင်းဖူးတွေ၊ အခွံမနွှာရသေးတဲ့ မြေပဲတွေကို ဧည့်ခံရအောင်ပိုပြီး မီးဖုတ်ပေးလေ့ရှိပါတယ်။ တစ်ခါတလေ ပြောင်းဆန်နဲ့

ဟင်းသီးဟင်းရွက် အသားတွေပါတဲ့ ရိုးရာဟင်း တစ်မျိုးကိုလည်း ချက်ပေးလေ့ရှိပါတယ်။

ကျွန်မတို့ရွာမှာ အိမ်သာရှိတဲ့အိမ်ဆိုတာ မရှိသလောက်ပါပဲ။ ကျွန်မခြောက်နှစ်သမီး အရွယ်တုန်းက အိမ်ဝိုင်းနောက်ဖက်မှာ အိမ်သာသွားပါတယ်။ မြက်တွေက ဖင်ကိုရှ၊ ခြင်ကကိုက်၊ ကိစ္စပြီးတဲ့ အခါတိုင်း အနီးအနားက တွေ့ရာသစ်ရွက်နဲ့ သန့်ရှင်းရေး လုပ်တတ်ပါတယ်။ တစ်မနက် ကျွန်မ အိမ်ဝိုင်းနောက်ဖက်က ချုံထဲမှာ အိမ်သာသွားပါတယ်။ ကျွန်မ မြွေပါးကင်းပါးကြောက်လို့ သူငယ်ချင်းခန်ကို ကို ခေါ်သွားပါတယ်။ ခန်ကိုက တစ်နေရာ ကျွန်မက တစ်နေရာ တောတိုး အိမ်သာတက်ကြပါတယ်။ အိမ်သာတက်နေရာက ကျွန်မတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သိပ်မဝေးလှပါဘူး။

အိမ်သာတက်နေတုန်း ကျွန်မသူငယ်ချင်း ခန်ကိုက

"ဟဲ့ မန်ဒီ ... ငါ ထူးခြားတဲ့ အသံတစ်ခုခုကို ကြားနေရတယ်။ နင်ရော ကြားလား"လို့ မေးတော့

"တောကြွက်အသံဖြစ်မှာပါ"လို့ ကျွန်မဖြေလိုက်ပါတယ်။

ချုံကြားထဲက မြွေကြီးတစ်ကောင် ရုတ်တရက် ထွက်လာလို့ "ခန်ကို"လည်း အိမ်သာတက်နေရင်း လက်စနဲ့ ကြောက်လန့်တကြား အော်ပြီး ထွက်ပြေးတော့ သူမခြေထောက်မှာ မစင်တွေတောင် ပေနေပါတယ်။ ကျွန်မဆီကို မြွေကြီးလာမလို့ လှည့်လိုက်တော့ ကျွန်မအိမ်သာ တက်ပြီးခါနီး ကျွန်မခူးထားတဲ့ သစ်ရွက်နဲ့ သန့်ရှင်းရေးလုပ်လို့ ခန်ကိုပြေးတဲ့ဘက်ကို ပြေးလိုက်သွားခဲ့ပါတယ်။ မြွေကြီးနဲ့ဝေးသွားတဲ့အခါ ကျွန်မတို့နှစ်ယောက်သား အမောဆို့ပြီး ထိုင်နားရင်း စောစောက အဖြစ်အပျက်ကို တွေးရင်း နှစ်ယောက်သား ဟက်ဟက် ပက်ပက် ရယ်မောခဲ့ကြပါတယ်။ အဲဒီအချိန်ကစ

ပြီး အိမ်ဝိုင်း အနောက်ဖက်ကို သွားပြီး တောမတိုးကြတော့ပါဘူး။

အိမ်နောက်ဖက်မှာတော့ ပဲ၊ ဘူး၊ ဖရုံသီး ဟင်းသီးဟင်းရွက်တွေစိုက်တဲ့ စိုက်ခင်းတစ်ခု ရှိပါတယ်။ ကျွန်မတို့အရပ်ဒေသမှာ အောက်တိုဘာလမှာ မိုးရွာတတ်ပြီး အဲဒီလိုနဲ့ သီးနှံတွေ ကြီးထွားလာကြပါတယ်။ ကျွန်မ အကြိုက်ဆုံး အစားအစာကို ပြောပါဆိုရင် ပြောင်းဖူးကို မီးကင်ပြီး အိမ်မှာ လုပ်တဲ့ ထောပတ်ကို ပြောင်းဖူးပေါ်မှာ သုတ်ပြီး စားရတဲ့အရသာကို အကြိုက်ဆုံးပါ။ ကျွန်မတို့ စိုက်ခင်းထဲက ဟင်းသီး ဟင်းရွက်တွေကို အကုန်ခူးပြီးတဲ့အခါ ဆိတ်တွေကို စိုက်ခင်းထဲလွှတ်ပြီး လက်ကျန် ဖြတ်ခိုင်း လေ့ရှိပါတယ်။

နေ့စဉ် ကျွန်မတို့ရွာက မိန်းကလေးအတော်များများဟာ နှစ်နာရီလောက် တောထဲကို ဖြတ်လျှောက်ပြီး တောင်ကျရေတွေကို သွားခပ်ရလေ့ရှိပါ တယ်။ တောထဲတောင်ထဲဖြစ်လို့ မြွေအရမ်းပေါလှပါတယ်။ ဒါကြောင့်မို့ ယောကျ်ားလေး တစ်ယောက်နှစ်ယောက် ခေါ်သွားလေ့ရှိပါတယ်။ ကျွန်မ တို့ မြေအိုးတွေနဲ့ ရေခပ်ဖို့သွားတဲ့အခါ တချို့ရက်တွေမှာဆို တခြားရွာက မိန်းကလေးတွေ ရောက်နေတတ်ပြီး ရေလုခပ်ကြတဲ့အခါ ပြဿနာဖြစ် စကားများလေ့ရှိကြပါတယ်။

"ဟဲ့ ကောင်မ ငါအရင်ရောက်တာ၊ ဟဲ့ကောင်မ မလိမ်နဲ့ငါတို့ အရင် ရောက်တာ ငါတို့အရင်ခပ်မယ်"

အဲဒီလို ပြဿနာတွေ ဖြစ်တဲ့အခါ ကျွန်မနဲ့အတူ လိုက်လာတဲ့ ကျွန်မ အစ်ကို ဘာဘိုကို

"အစ်ကိုဘာဘို ညီမကို လာကူဦး" ဆိုပြီး မျက်နှာငယ်လေးနဲ့ ပြောလေ့ရှိ ပါတယ်။

ကျွန်မတို့ ဆူဒန်နိုင်ငံတစ်ခုလုံး ရှည်လျား ပူပြင်းခြောက်သွေ့တဲ့ နွေရာသီ

ကိုဖြတ်သန်းလို့ မိုးရွာတဲ့အခါ ကလေးတွေအများစုဟာ အိမ်အပြင်ထွက် မိုးရေထဲ ပျော်ရွှင်စွာနဲ့သီချင်းတွေဆိုကြပါတယ်။ ဆူဒန်နိုင်ငံဆိုတာ မိုးနည်းတဲ့နိုင်ငံဖြစ်လို့ မိုးရွာတဲ့အခါကောက်ပဲသီးနှံတွေ ကောင်းစွာဖြစ်လို့ အဲဒီနှစ်မှာ ဆူဒန်နိုင်ငံသားတွေ အငတ်ဘေးကနေ လွတ်ကင်းကြတော့မှာဖြစ်လို့ မိုးရွာရင်ကလေးတွေရော လူကြီးတွေပါ ပျော်ရွှင်တတ်ကြပါတယ်။ ကျွန်မအသက်ခြောက်နှစ်အရွယ်မှာ မိုးရွာတာကို ပထမဆုံးကြုံဖူးခဲ့ပါတယ်။ ကျွန်မတို့ အစားအသောက်တွေ ပြတ်လပ်လာပြီး သီတင်းတစ်ပတ်နဲ့တစ်ပတ် အခြေအနေတွေဆိုး သထက်ဆိုးလာပါတယ်။ ဆူဒန်ပြည်သူတွေဟာ အငတ်ဘေးနဲ့ကြုံလာရပြီး စိတ်ပျက် ချောက်ချား လာကြပါတယ်။ ကလေးတွေဟာ အရိုးပေါ် အရေတင်လာကြပြီး အသက်ကြီးသူတွေ ဟာလည်း အငတ်ဘေးကြောင့် သေလုမျောပါး ဖြစ်လာကြတယ်။

အဲဒီလို ဆူဒန်ပြည်သူတွေ အငတ်ဘေးနဲ့ ကြုံနေရချိန်တစ်နေ့ ကျွန်မတို့ရွာနဲ့ ခပ်လှမ်းလှမ်းအဝေးမှာ ဖုန်လုံးကြီးတွေတလိမ့်လိမ့် ရွေ့လျားနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်မတို့ရွာသားတွေ အထိတ်တလန့်နဲ့ အဖြစ်အပျက်ကို သေချာစွာသိဖို့ ရွာအပြင်ဘက်ကို ထွက်ကြည့်တဲ့အခါ ကုန်တင်ကားကြီးတွေ ရွာဘက်ကို ဦးတည် မောင်းနှင်လာနေကြပါတယ်။ ကုန်တင်ကားတွေ ရွာကို ရောက်လာကြတဲ့အခါ ရှေ့ဆုံးကုန်တင်ကားပေါ်က လူဖြူကြီးတစ်ယောက် ဆင်းလာပါတယ်။ ကျွန်မတို့ဘာသာစကားနဲ့ဆိုလူဖြူတွေကို ဟာဝါဂျာလို့ ခေါ်ကြပါတယ်။

ဟာဝါဂျာကြီးတွေဟာ ကျွန်မတို့ရွာက လူကြီးတွေနဲ့ ခြေဟန် လက်ဟန်နဲ့ စကားပြော ကုန်တင်ကားကြီးတွေပေါ်က ဆန်၊ ပြောင်း၊ ဟင်းချက်ဆီ၊ ဆေးဝါး၊ အဝတ်အထည်နှင့် စောင်တို့ကို ရွာက ကာလသားတွေနဲ့အတူ လုံခြုံတဲ့အဆောက်အဦးဆီကို သယ်ကြပါတယ်။ အဲဒီနောက် ရွာထဲက တစ်

အိမ်တစ်ယောက် တန်းစီခိုင်းပြီး ဆန်၊ ဆီ၊ ပြောင်း၊ အဝတ်အထည်ကအစ ဆေးဝါးတွေကို ဟာဝါဂျာလူဖြူတွေက ဝေပေးကြပါတယ်။

"အဲဒီ ဟာဝါဂျာတွေက အဖေတို့ဒေသမှာ မိုးမရွာတာသိလို့ အဝေးကြီးက နေလာပြီး အဖေတို့ဒုက္ခကို လာကူညီကြတာလေ" လို့ အဖေက ပြောပြပါ တယ်။

အဲဒီနှစ်က အမေရိကန်ပြည်ထောင်စုရဲ့သမ္မတဟာ Senior Bush (George H.W. Bush) ဖြစ်တယ်လို့ ဟာဝါဂျာလူဖြူတွေ ပြောကြပါတယ်။ အဲဒီနှစ်မှာ အမေရိကန် ပြည်ထောင်စုဟာ ဆူဒန်နိုင်ငံကို အကူအညီတွေ ဆေးဝါး အစားအသောက်တွေကို ဆက်ထောက်ပံ့ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဆူဒန် နိုင်ငံသားတွေ နည်းတူ ကျွန်မတို့ရွာသားတွေ သမ္မတကြီးဘုရှ်ကို မေတ္တာပို့ ဆုတောင်းပြီး သမ္မတကြီး ကျန်းမာချမ်းသာ ပါစေကြောင်း သီချင်းတွေ တောင် စပ်ဆိုကြပါတယ်။

မိုးခေါင်ရေရှားတဲ့ အဲဒီနှစ်မှာ ကျွန်မတို့ရွာအတွက် အဆိုးရွားဆုံးက ကျွန်မတို့ မွေးမြူထားတဲ့ ကျွဲ၊ နွား၊ ဆိတ် မွေးမြူရေးတိရစ္ဆာန်တွေ အများ အပြား သေဆုံးခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ နူဘာတောင်တန်းတွေ ဝိုင်းရံ ထားတဲ့ရွာမှာဆိုရင် နွားရှိတဲ့ နွားမွေးမြူတဲ့ ရွာသားဟာ လူချမ်းသာစာရင်း ဝင်ပါတယ်။ ရွာသားတစ်ယောက် နွားဘယ်နှစ်ကောင် မွေးနိုင်သလဲ ဆိုတာ က ကြည့်ပြီး ဘယ်လောက်ချမ်းသာသလဲ ဆိုတာ သိနိုင်ပါတယ်။ ကျွန်မ အဖေ နွားအကောင် ငါးဆယ်ကျော် မွေးထားလို့ ကျွန်မတို့ စီးပွားရေး အဆင်ပြေလှပါတယ်။

ကျွန်မတို့ရွာက တချို့ဆို နွားအကောင်တစ်ရာကျော် ပိုင်ဆိုင်ထားလို့ ငွေကြေး အတော် တောင့်တင်းကြပါတယ်။ အဲဒီ မိုးခေါင်တဲ့နှစ်ကဆို အဖေ မွေးထားတဲ့ နွားတွေ အများအပြား သေဆုံးခဲ့ပါတယ်။

အဖေမွေးထားတဲ့ နွားတွေကို မောင်အငယ်ဆုံး ဘာဘိုက ထိန်းကျောင်းပါတယ်။ မောင်လေးဘာဘို ကျောင်းစတက်တော့အဖေက နွားကျောင်းသား တစ်ယောက်ကို ငှားပါတယ်။ အသက်ဆယ့်သုံးနှစ်အရွယ် နွားကျောင်းသားရဲ့နာမည်က အလီ။ နွားကျောင်းထွက်တဲ့အခါ လုံတစ်ချောင်းရယ် ကြိုးသုံးချောင်းသာပါတဲ့ ဂစ်တာအစုတ်ကလေး တစ်လုံးယူပြီး နွားကျောင်းလေ့ရှိပါတယ်။ ခါးမှာပုတီးလုံးတွေ သီထားတဲ့ကြိုးကို ဝတ်ထားပတ်ထားပြီး နွားတွေအစာစားနေတုန်း သူ့ရဲ့ ကြိုးသုံးကြိုးသာပါတဲ့ ဂစ်တာလိုမျိုး ဂီတတူရိယာကို တီးခတ်နေလေ့ ရှိပါတယ်။ အဖေက တစ်နှစ်တစ်ခါ အလီရဲ့ လုပ်ခအနေနဲ့ နွားတစ်ကောင် ပေးလေ့ ရှိပါတယ်။

နွားတင်းကုပ်က အိမ်နဲ့ ဆယ့်ငါးမိနစ်လောက် လျှောက်ရတဲ့နေရာ မှာရှိပါတယ်။ နေ့တိုင်း မနက်မလင်းခင် အလီနဲ့ ကျွန်မအစ်ကိုတို့ဟာ နွားတင်းကုပ်ကိုသွား နွားပေါက်လေးတွေ အစာကျွေး၊ နွားနို့ညှစ်ကြပါတယ်။ ကျွန်မတို့အိမ်ကို အလီနဲ့ ကျွန်မအစ်ကိုယူလာတဲ့ နွားနို့ကို ချက်ချင်း သောက်ကြပြီး တစ်ခါတလေ ကျရင်တော့ ယူလာတဲ့နွားနို့ကို ထောပတ်နဲ့ ဒိန်ချဉ် လုပ်စားကြပါတယ်။

ကျွန်မဟာ ပိန်ပိန်သွယ်သွယ် ဆံပင်ရှည်ရှည်နဲ့ အရမ်းချောတဲ့ အမေနဲ့တူတယ်လို့ ရွာထဲကလူတွေက ပြောကြပါတယ်။ ဒါပေမယ့် ကျွန်မဟာ အဖေ့ဆံပင်လို ပျော့ပျောင်းပြီး အမေ့ဆံပင်ထက် ပိုရှည်တဲ့ လှပကြော့ရှင်းတဲ့ ဆံနွယ်တွေကို ပိုင်ဆိုင်ထားတယ်လို့ အများက ပြောကြပါတယ်။ ကျွန်မတို့ ရွာမှာရှိတဲ့ကလေးတွေဟာ အသက်ရှစ်နှစ် ဝန်းကျင်လောက်အထိ အဝတ်အစား မဝတ်ကြပါဘူး။ ကျွန်မအမေဆို ခါးကို နှစ်ပေလောက်ရှည်တဲ့ အဝတ်စပိုင်းလေးကို ပတ်ထားလေ့ရှိပြီး အပေါ်ပိုင်းကိုတော့ စောင်နဲ့ ပခုံးကို သိုင်းထားလေ့ရှိပါတယ်။ အမေ့ရဲ့အသက်ကို အတိအကျမသိပေ

မယ့် အဖေ့ထက် ဆယ်နှစ်ငယ်ပါတယ်။ ကျွန်မတို့ နူဘာလူမျိုးစုတွေ အိမ်ထောင်ပြုတဲ့အခါ သတို့သမီးဟာ သတို့သားထက် အသက်ငယ်လေ့ရှိပါတယ်။

အမေ့အကြောင်းကို ပြောတဲ့အခါ အမေ့ခန္ဓာကိုယ်ပေါ်မှာ ရှိတဲ့ အလွန်လှပတဲ့ အမာရွတ်တွေကို အရင်ပြောရမှာ ဖြစ်ပါတယ်။ အမေ အပျိုဖော်ဝင်စ အဖွားဖြစ်သူက အမေ့ ညာဘက်ရင်သားပေါ်မှာ ခရုပတ်ခွေနေတဲ့ပုံနဲ့ ညာဘက်မှာ သစ်ရွက်တွေ နွယ်တက်နေတဲ့ပုံ ဝမ်းဗိုက်မှာ နွယ်ခွေတွေ တက်နေတဲ့ အမာရွတ်ပုံတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ နူဘာမျိုးနွယ်စုတွေမှာ လူတစ်ဦးရဲ့ ခန္ဓာကိုယ်ပေါ်မှာ အမာရွတ်ပုံတွေ ခန္ဓာကိုယ်မှာ ဆွဲထားတာဟာ အလွန်ကျက်သရေရှိ လှလည်းလှတယ်လို့ ယူဆကြပါတယ်။ အမေ့ရဲ့ဘယ်ဘက်ပါးပြင် မှာလည်း လေးနဲ့မြား သုံးချောင်းပါတဲ့ အမာရွတ်ပုံတစ်ခုလည်း ရှိပါတယ်။

"ဒီပါးပြင်ပေါ်က အမာရွတ် တက်တူးထိုးတုန်းက အမေ့ပါးပြင်ပေါ်မှာ သွေးတွေဆိုတာ မြင်မကောင်းဘူး။ အဲဒီလို ပါးပြင်ပေါ်မှာ ချွန်ထက်တဲ့ အမာရွတ်တက်တူး ထိုးတာဟာ လူတစ်ယောက် ဘယ်လောက် သတ္တိရှိသလဲဆိုတာကို ပြသရာရောက်လို့ အမေဘယ်တုန်းကမှ မညည်းညူခဲ့ဘူးလို့ ပါးပြင်မှာထိုးထားတဲ့ အမာရွတ်တက်တူးတွေကို လက်ကလေးနဲ့စမ်းပြီး အမေက ပြောပြလေ့ရှိပါတယ်။ ကျွန်မမှာ အစ်ကိုလေးယောက် ရှိပေမယ့် သူတို့ခန္ဓာကိုယ်ပေါ်မှာ အမာရွတ်တက်တူးဆိုတာ မရှိပါဘူး။ အမေဟာ လည်ပင်းမှာ ပုတီးလုံးတွေ သီထားတဲ့ ပုတီးကုံးကြီးကို ဝတ်ထားလေ့ရှိပါတယ်။ အကယ်၍ တစ်စုံတစ်ယောက်ဟာ ခန္ဓာကိုယ်ပေါ်မှာ အမာရွတ်တက်တူး(သို့) ပုတီးကုံး လည်ပင်း ခါးတွေမှာ ဝတ်ဆင်ထားတယ်ဆိုရင် အဲဒီလူဟာ နူဘာမျိုးနွယ်စုထဲက လာတယ်ဆိုတာ သိနိုင်ပါတယ်။ အမေ

ဟာ အမြဲတမ်း ဆံပင်ကိုကျစ်ထားလေ့ရှိပါတယ်။ အမေ့ရဲ့သူငယ်ချင်း အမျိုးသမီးတစ်ဦးက အမေ့ဆံပင်ကို လာကျစ်ပေးလေ့ရှိပါတယ်။ အမေဟာ ရွာထဲကလူတွေအကြောင်း တစ်ခါမှ အတင်းပြောတာ မကြားမိဘူး။ အများက လေးစားကြတယ်လို့ ရွာကလူတွေပြောလေ့ရှိပါတယ်။

ကျွန်မအဖေနဲ့အမေက ဆယ်နှစ်ကွာပါတယ်။ ကျွန်မအဖေရဲ့ မျက်နှာက လှပပြီး အကြင်နာတရားတွေ လွှမ်းနေတဲ့ မျက်နှာမျိုးကို ပိုင်ဆိုင်ထားသူ တစ်ယောက် ဖြစ်ပါတယ်။ နူဘာလူမျိုး တစ်ယောက်အနေနဲ့ အဖေက အရပ်ရှည်တယ်လို့ ပြောလို့မရပါဘူး။ အဖေဟာ ကျန်းမာသန်စွမ်းပြီး ခန္ဓာကိုယ်က ပျော့ပျောင်းလှပါတယ်။ အဖေ့ရဲ့ ခန္ဓာကိုယ်က ဥရောပသား တစ်ယောက်လို ဖြစ်နေပေမယ့် အသားကတော့ နက်မှောင်လွန်းလှပါ တယ်။ အဖေဟာ ခါးအောက်ပိုင်းကို နှစ်ပေလောက်ရှည်တဲ့ အဝတ်ပိုင်း လေးကို ဝတ်ထားလေ့ရှိပြီးအဖြူရောင် ကွဲခေါင်းဦးထုပ်ကို ဆောင်းထား လေ့ရှိပါတယ်။ ကြမ်းကြမ်းတမ်းတမ်း ဘဝကိုဖြတ်သန်းရတဲ့ အလုပ်ကြမ်း တွေကိုပဲ လုပ်ခဲ့ရသူမို့ အဖေ့ရဲ့လက်ဟာ ကြမ်းရှရှနဲ့ အသားမာတွေ တက်နေပါတယ်။ တစ်ခါတစ်ရံ အဖေဟာ တောထဲမှာ သစ်ပင်ကြီးတွေကို ခုတ်ခွဲစိတ်ပြီး ရောင်းချလေ့ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ သွေးခြည်ဥ၊ သစ်ပင်ခုတ်လို့ ဘာမှ မစီးထားတဲ့ ခြေထောက်မှာ ကျောက်ခဲ၊ အချွန်၊ ဆူး တွေဆူးပြီးရင် ခြေထောက်မှာလည်း သွေးတွေ ထွက်နေလေ့ ရှိပါတယ်။ တစ်ခါတလေ သူ့ရဲ့ဆံပင်တွေဟာ သူ့မုတ်ဆိတ်တွေပေါ်တောင် လာဝဲပုံနေ လေ့ ရှိတတ်ပါတယ်။ နူဘာလူမျိုး အမျိုးသားတွေရဲ့ ဆံပင်ဟာ ကြမ်းတမ်း စူးရှပြီး ကောက်ကွေးနေတတ်ပေမယ့် အဖေ့ရဲ့ဆံပင်ကတော့ အလွန်နူးညံ့ လှပါတယ်။ ကျွန်မတို့ရွာက အမျိုးသား တော်တော်များများ ဇနီးတွေအများ ကြီးရှိပါတယ်။ ကျွန်မဦးလေး ဂျီရွန်ဂီနဲ့ ဖိုနီရှီယားတို့မှာလည်း မိန်းမနှစ်

ယောက်စီရှိကြပါတယ်။ ကျွန်မအဖေမှာတော့ ဇနီးတစ်ယောက်ထဲပါ။ ကျွန်မရဲ့ အရမ်းချစ်ရတဲ့အမေပေါ့။ ကျွန်မအဖေ မိန်းမ ဆယ်ယောက် ယူခဲ့မယ်ဆိုရင်တောင် ကျွန်မအဖေ့ကို ချစ်နေလျက်ပါ။ အဖေ မိန်းမတွေအများကြီး ယူမယ်ဆိုရင် အမေကြိုက် မကြိုက်တော့ မသိပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး အမေက အဖေ့ကို ဘာမှမပြောပါဘူး။ ပြောလို့လည်း မရဘူးလေ။ ယောကျ်ားတစ်ယောက်က မိန်းမတွေအများကြီး ယူတယ်ဆိုတာ ကျွန်မတို့ နူဘာလူမျိုးတွေ လက်ခံထားတဲ့ ဓလေ့တစ်ခု ဖြစ်နေလို့ပါပဲ။ ကျွန်မအဖေက အမေ့ကို ဘယ်လောက်ချစ်သလဲ ဆိုရင်

"သမီးတို့ရဲ့အမေက အဖေ့အတွက်တော့ မိန်းမဆယ်ယောက် ယူထားတာထက် ပိုတန်ဖိုးရှိတယ်။ တကယ်တန်ဖိုးရှိတဲ့ ဘယ်မိန်းမနဲ့မှ နှိုင်းမရပါဘူး" လို့ ပြောလေ့ရှိပါတယ်။

ကျွန်မဘဝမှာ အဖေနဲ့အမေရန်ဖြစ်တာ မြင်လည်းမမြင်ဖူး၊ ကြားလည်း မကြားဖူးပါဘူး။ ကျွန်မရဲ့အစ်ကိုနှစ်ယောက် ကစားနေရင်း ရန်ဖြစ်တဲ့အခါကလွဲလို့ ကျွန်မတို့မိသားစု ရန်ဖြစ်တာကို ကျွန်မဘဝမှာ တစ်ခါမှမမြင်ဖူးခဲ့ပါဘူး။ တစ်ခါတလေအဖေဟာ အိမ်နီးနားချင်းတွေကိုဖိတ် အတူစားကြသောက်ကြ နောက်ပြောင်ကြပျော်ရွှင်စွာ အချိန်တွေကို ဖြတ်သန်းကြပါတယ်။ ကျွန်မအဖေမှာ လှံတစ်ချောင်း ရှိပါတယ်။ လှံထိပ်မှာ သံချွန်တွေတပ်ထားပါတယ်။ အဖေ တောလိုက်ထွက် သားကောင်ရှာတဲ့အခါ အဲဒီသံချွန်တပ်လှံရယ်၊ တုတ်အရှည်တစ်ချောင်းရယ်၊ ပုဆိန်တစ်လက်နဲ့ ရေဘူးတစ်ဘူး၊ နွားချိုနဲ့ လုပ်ထားတဲ့ ဟွန်းတို့ကို အမြဲယူသွားလေ့ရှိပါတယ်။ ကျွန်မအဖေဟာ တစ်ခါတလေ ယုန်၊ ငှက် တစ်ခါတလေ သမင်၊ တောခွေးတွေ မိလာ တတ်ပါတယ်။ အဖေဟာ သားကောင်ကြီးတွေကို မိတယ်ဆိုရင် နွားချို နဲ့လုပ်ထားတဲ့ ဟွန်းကြီးကို အားကုန်မှုတ်တော့ တာပါပဲ။ အဲဒီလို

အဖေ နွားချိုကြီးကို မှုတ်တဲ့အသံကြားတဲ့အခါ ရွာထဲက အားကောင်းမောင်းသန် ယောကျ်ားတွေ တောထဲကို ပြေးလိုက်သွားပြီး သားကောင်ကြီးကို ရွာထဲကို ဝိုင်းသယ်လာကြ ပါတော့တယ်။

ကျွန်မမှာ ယူရမ်ဆိုတဲ့ ကြောင်လေးတစ်ကောင် ရှိတယ်ဆိုတာ ပြောခဲ့တယ်နော်။ ကျွန်မ ခြောက်နှစ်အရွယ်တုန်းက ယူရမ်နဲ့ပတ်သက်ပြီး အရမ်းစိတ်လှုပ်ရှားခဲ့ရတယ်။ ယူရမ်ဟာ ကြောင်တစ်ကောင် ဖြစ်ပေမယ့် သမင်ပေါက်လေး တစ်ကောင်လို အရမ်းဝလာပါတယ်။

"အဖေ ယူရမ် အရမ်းဝလာတယ်နော်။ ကြွက်တွေအများကြီး ခုတ်ပြီး စားနေလားမသိဘူး"လို့ ကျွန်မအဖေ့ကို မေးတာကို အမေကကြားတော့

"ဘယ်ကလာ ကြွက်တွေခုတ်ပြီးစားလို့ ဝလာတာမဟုတ်ဘူးသမီး။ ယူရမ်မှာ ကိုယ်ဝန်ရှိနေပြီ ကလေးမွေးတော့မှာ" လို့ အမေကပြောတော့ ကျွန်မတုန်လှုပ်သွားပါတယ်။ "အမေ ယူရမ်က ကြွက်တွေခုတ်ပြီး စားတာနဲ့ ဘယ်လို ကိုယ်ဝန်ရလာတာလဲ"လို့ အမေ့ကိုမေးတော့ အမေက

"ဗိုက်တင်းအောင် မဆံ့မပြဲစားလို့ ဗိုက်ကြီးပူပြီး ကိုယ်ဝန်ရလာတာ"လို့ အမေက ချက်ချင်းဖြေပါတယ်။ ကျွန်မလို ခြောက်နှစ်သမီး အရွယ်ကို ကြောင်လေးတစ်ကောင် ဘယ်လို ကိုယ်ဝန်ရသလဲ ဆိုတာ ရှင်းမပြချင်လို့ အလွယ်ပြောခဲ့တာပဲ ဆိုတာကို ကျွန်မ နောက်ပိုင်းမှ သိလာရပါတယ်။

အဲဒီနောက် ယူရမ်ဟာ ကြောင်ပေါက်လေးကောင် မွေးခဲ့ပါတယ်။ ကျွန်မမှာ ယူရမ်အတွက် ဆိတ်နို့ညှစ် ယူရမ်ရဲ့ သားသမီးတွေ စောင့်ရှောက်ရနဲ့ အချိန်ကုန်မှန်းမသိ ကုန်နေပါတယ်။ ကြောင်လေးတွေ အကောင်ကြီးသထက် ကြီးလာတဲ့အခါ ကြောင်လေးတွေနဲ့ ကစားပေါ့။ အရမ်းပျော်ဖို့ကောင်းလှပါတယ်။

တစ်နေ့ အမေက ကျွန်မကို "သမီးလေးရေ အမေတို့အိမ်နီးနားချင်း တစ်

ဦးက ကြောင်လေး တစ်ကောင်လောက် ပေးပါလားလို့ တောင်းနေတယ်။ သမီး ဘယ်လိုသဘောရလဲ"လို့ အမေကကျွန်မကို မေးပါတယ်။

အမေလာပြောတာကို မယုံနိုင်လွန်းတဲ့ ကျွန်မက "ယူရမ်ရဲ့ကလေးတွေကို သူများဆီကို အမေက ပေးမယ်ပေါ့။ အမေ့ကလေးတွေ သူများဆီကိုပေးရင်ရော အမေကြိုက်မှာလား" လို့ အမေ့ကို ဒေါသထွက်ပြီး မေးလိုက်ပါတယ်။

"စိတ်မဆိုးပါနဲ့သမီးရယ် အခုအမေတို့မှာ ကြောင်ငါးကောင်ရှိတယ်။ ယူရမ် နောက်ထပ် ကြောင်လေးတွေ ထပ်မွေးရင် အမေတို့မှာ ကြောင်လေးတွေကို တိုက်စရာ နို့မရှိမှာစိုးလို့ပါ"လို့ အမေက ရှင်းပြပါတယ်။

"သမီးရဲ့ကြောင်တွေကို နွားတွေလို အိမ်အပြင်မှာ ထားလို့မရဘူး။ သူတို့အတွက် နေစရာလည်း လိုအပ်လာမယ်လေ"လို့အမေက ထပ်ပြောပါတယ်။

"အမေ ကြောင်လေးတွေအတွက် လိုအပ်မယ့် နို့တိုက်ဖို့ သမီးတို့မှာ နွားတွေ ဆိတ်တွေရှိတယ်။ ကြောင်လေးတွေက သေးသေးလေးတွေ အိမ်မှာနေလို့ရတယ်" လို့ မန်ဒီနေဇာက အမေဖြစ်သူကို ငိုပြီး ပြောလိုက်ပါတယ်။

"ကဲ သမီးလေးမန်ဒီ ကြောင်လေးတွေကို အမေ ဘယ်သူ့ကိုမှ မပေးတော့ဘူး။ တိတ်တော့ မငိုနဲ့တော့နော်"လို့ပြောမှ စိတ်အေးခဲ့ရပါ တော့တယ်။ တကယ်တော့ အမေ ကျွန်မကို လှည့်စားခဲ့တာပါ။ ရက် အနည်းငယ်အကြာ ကျွန်မ အိပ်ရာကထတော့ ကြောင်လေးတွေ မရှိတော့ပါဘူး။ ကျွန်မစိုးရိမ်ပြီး အသည်းအသန် လိုက်ရှာပါတယ်။ အိမ်ရှေ့ အိမ်နောက်၊ ခြံအပြင်ဘက် နေရာအနှံ့ လိုက်ရှာပါတယ် မတွေ့ပါဘူး။

နောက်ဆုံး ရှာတာကို လက်လျှော့လိုက်ပြီး "ဟီးဟီး ငါ့ကြောင်လေးတွေ မတွေ့တော့ဘူး။ ဘယ်ရောက်သွားပြီလဲ မသိဘူး။ ကူရှာပေးကြပါဦး"လို့ အိမ်ရှေ့မှာထိုင်ပြီး ချုံးပွဲချငိုနေပါတယ်။

အမေက မသိချင်ယောင်ဆောင်ပြီး

"ကြောင်လေးတွေ ပျောက်သွားပြီလား၊ တကယ် ပျောက်သွားတာလား"လို့ ကျွန်မကို လာပြောပြီး ဆယ့်ငါးမိနစ်ခန့် လိုက်ရှာပါတယ်။ ဘယ်နေရာမှ မတွေ့တော့တဲ့အဆုံး အမေက

"သမီးရယ် ထမင်းစားလိုက်ပါဦး"

"မစားဘူးအမေ သမီးကြောင်လေးတွေ မတွေ့ရင် ထမင်းလုံးဝ မစားဘူး"လို့ မျက်နှာမှာ မျက်ရည် နှာရည်တွေထွက်ရင်း ပြောပါတယ်။ နောက်တစ်နာရီလောက် ထပ်ရှာပါတယ် မတွေ့ပါဘူး။ အဲဒီနောက် ရွာထဲက သူငယ်ချင်းတစ်ယောက် ရောက်လာပြီး

"ဟဲ့ မန်ဒီ ... နင့်အမေ ငါ့ကို ကြောင်လေးတစ်ကောင် မွေးဖို့ပေးတယ်။ ငါ ကျေးဇူးအရမ်း တင်ပါတယ်နော်"လို့ ပြောပြီး ပြေးထွက်သွားပါတယ်။

ရုတ်တရက်ဆိုသလို ကျွန်မအမေ လှည့်စား လိမ်လည်ခဲ့တယ်ဆိုတာ သိသွားပြီ။ အမေ အဲဒီလောက် ရက်စက်သလားလို့တွေးရင်း အိမ်ထဲပြေးဝင်ပြီး အမေ ကြောင်လေးတွေကို ဘာလို့ သူများကို ပေးလိုက်တာလဲ။ အမေ အရမ်းရက်စက်တာပဲလို့ အော်ကြီးဟစ်ကျယ် ပြောပြီး ဟိုကန်ဒီကန် လိုက်လုပ်ပါတော့တယ်။

အမေက ကျွန်မကို ချော့မော့ ထိုင်ခိုင်းပြီး ယူရမ် ကြောင်မကြီးဟာ ကြောင်လေးတွေ ထပ်မွေးတော့မှာ ဖြစ်ကြောင်း၊ နောက်ထပ် ကြောင်ကလေးတွေ မွေးရင် ဘယ်သူ့ကိုမှ မပေးတော့ပါဘူးလို့ ကတိပေးနှစ်သိမ့်ပေမယ့် ကျွန်မမှာ ကြောင်ကလေးတွေ မရှိတော့လို့ ဖြေမဆည်နိုင်ပါဘူး။ နောက်ပိုင်းတော့ ကြောင်ကလေးတွေ ကြီးလာပြီး ရွာထဲသွားတဲ့အခါ ပြေးလွှား ဆော့ကစားနေတဲ့ ကြောင်ကလေးတွေမြင်ရမှ စိတ်သက်သာရာ ရပြီး အမေဘာကြောင့် ကြောင်လေးတွေကို အခြားလူ

တွေကို ပေးပစ်တာလဲဆိုတာကို စဉ်းစားမိပြီး နားလည်လာပါတယ်။

ကျွန်မက မိသားစုထဲမှာ အငယ်ဆုံးလည်းဖြစ် မိန်းကလေးလည်းဖြစ်လို့ မိဘ ညီအစ်ကို မောင်နှမတွေက ပိုချစ်ကြပါတယ်။ ကျွန်မရဲ့ အကြီးဆုံး အစ်မ ရှိခန်က ကျွန်မထက် ဆယ့်သုံးနှစ်ကြီးပါတယ်။ မွေးတုန်းက ဆံပင်ပါ မလာပါဘူး။ ကျောင်းမနေဖူးပါဘူး။ ကျွန်မကိုမွေးတော့ အိမ်ထောင်ကျ အိမ်ခွဲနေပါပြီ။ ကျွန်မ အစ်မကြီးအိမ်ကို အမြဲသွားလည်လေ့ ရှိပါတယ်။ တစ်ခါတလေ ကျွန်မမိဘတွေအိမ်ကနေ

"မကြီးရှိခန်ရေ ဘယ်မှာလဲ အိမ်မှာရှိလား"လို့ လှမ်းအော်မေးလို့ ကြားတဲ့ အခါ

"ညီမလေးမန်ဒီရေ မကြီးဒီမှာ"လို့ လှမ်းအော် ဖြေတတ်ပါတယ်။

နောက်အစ်မ တစ်ယောက်ကတော့ ကျွန်မထက် ခုနစ်နှစ်ကြီးပါတယ်။ မွေးတုန်းက ဆံပင်အရမ်း နက်မှောင်ပြီး သန်လှပါတယ်။ အစ်မခွန်ရမ်တ် ဟာ ချောပေမယ့် တော်တဲ့အထဲမပါဘူးလို့ ရွာသားတွေက ပြောကြပါ တယ်။ ခွန်ရမ်တ်ဟာ ကျောင်းတက်ဖူးပေမယ့် သိပ်ကြာကြာ မတက်ခဲ့ရပါ ဘူး။ ဆယ့်သုံးနှစ်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။

ကျွန်မအစ်ကိုကြီးက ဘာဘိုလို့ခေါ်ပြီး ပိန်ပိန်သေးသေးလေးပါ။ သူက ရုပ်ချောပေမယ့် အရမ်း နောက်ပြောင် တတ်ပါတယ်။ အစ်ကိုကြီး ခွန်ရှရန် ဟာ ရွာကထွက်သွားပြီး စာပေလေ့လာ လိုက်စားလို့ နောက်တော့ ဆူဒန် စစ်တပ်မှာ အရာရှိတစ်ယောက် ဖြစ်လာပါတယ်။ ဘာကြောင့် ရွာက ထွက် သွားပြီး စစ်သားတစ်ယောက် ဖြစ်ခဲ့သလဲဆိုတာ ကျွန်မ နားမလည်နိုင် အောင်ပါပဲ။

အစ်ကိုဘာဘိုဟာ ကျွန်မထက် ၂နှစ်သာကြီးပြီး အမေ့ရဲ့အချစ်ဆုံးသား ဖြစ်ပါတယ်။ အစ်ကိုဘာဘိုဟာ ပိန်ပိန်ရှည်ရှည် ဉာဏ်ကောင်းပြီး အတန်း

တိုင်းမှာ ပထမရတတ်ပါတယ်။ သူက ကုန်သည် လုပ်ချင်တယ်လို့ ကျွန်မကို မကြာခဏ ပြောတတ်ပါတယ်။ ကျွန်မရဲ့ အစ်ကိုအစ်မတွေထဲမှာ အစ်ကို လေးဘာဘိုနဲ့ ကျွန်မက အနေအနီးဆုံးနဲ့ ကျွန်မရဲ့ အချစ်ဆုံးလည်း ဖြစ်ပါ တယ်။ ကျွန်မရဲ့ ခြောက်နှစ်ဝန်းကျင်ခန့် ကလေးဘဝဟာ အစ်ကိုတွေအစ်မ တွေ မိဘနှစ်ပါးနဲ့ ပျော်စရာအတိ ဖြစ်ခဲ့ပါတယ်။

***

## အခန်း(၂)

## အဖေနဲ့ ကျွန်မရဲ့ရက်စွဲများ

အဖေက ကျွန်မကို ကျွန်မအသက် ခြောက်နှစ်ကျော်တဲ့ မိုးဦးကျ ကာလ တစ်နေ့မှာ သူနဲ့အတူ ယာခင်းထဲကို လိုက်ခဲ့ဖို့ ပြောလာခဲ့ပါတယ်။ ကျွန်မ တို့ယာမှာ နှံစားပြောင်းကို အဓိကစိုက်ပျိုးပြီး ယာက ရွာနဲ့အလှမ်းဝေးတဲ့ မြေသြဇာလည်း အရမ်းကောင်းတဲ့ မြေနိမ့်ပိုင်းမှာရှိပါတယ်။

"အဖေတို့ ယာစိုက်ဖို့အတွက် ရက်အနည်းငယ် ယာခင်းမှာသွား နေရ မယ်။ ယာစိုက်ပြီးရင် အဖေ အိမ်ကို ခဏပြန်မယ်။ သမီးက ငှက်တွေလာမ စားအောင် မောင်းထုတ်ပေးရမယ်၊ အဲဒီတော့ သမီးက ယာတဲထဲမှာ နေ့ ဘက် နှစ်ရက်လောက်နေရမယ်။ ညနေဘက်ကျရင် အဖေတို့လာခေါ် မယ်"လို့ ပြောတော့ ကျွန်မအရမ်းပျော်သွားပြီး ထခုန်လိုက်ပါတယ်။

"အဖေ သမီးယူရမ်ကို ခေါ်သွားလို့ရလား"လို့ မေးလိုက်တော့ အဖေက

"သမီး ယူရမ်ကိုခေါ်လာရင် ပျောက်သွားမှာစိုးလို့ အိမ်မှာပဲထားခဲ့ပါ" လို့ အဖေက ပြောပါတယ်။

ယူရမ်ကိုထားခဲ့ပေမယ့် ပထမဆုံးအကြိမ် အဖေကျွန်မကို ခေါ်သွားလို့ ကျွန်မ အရမ်း ပျော်နေခဲ့ပါတယ်။ အဖေ အဝေးကိုသွားတဲ့အခါ အဖေ့ကို လွမ်းရတဲ့အပြင် အဖေပြောပြတဲ့ ပုံပြင်တွေကိုလည်း သတိရနေတတ်လို့ အဖေကျွန်မကို ခေါ်သွားမှာ အရမ်းပျော်နေခဲ့ပါတယ်။ ကျွန်မတို့ မသွားခင် ညကတည်းက အမေက ထုပ်ပိုးနောက်နေ့မနက် ရောင်နီလာတော့ စားစရာ အထုပ်အပိုးတွေကို မြည်းပေါ်တင် အမေက မြည်းဇက်ကြိုးကိုဆွဲ

ကျွန်မက အဖေ့အရှေ့ကနေထိုင်ပြီး ယာတောထဲကို ထွက်လာခဲ့ကြပါတယ်။

အဲဒီအချိန်မှာ ကျွန်မကိုယ်ကျွန်မ အရေးပါအရာ ရောက်သူတစ်ဦး ဖြစ်တယ်လို့ ခံစားမိတယ်။ ကျွန်မသူငယ်ချင်းဖြစ်တဲ့ ခန်ကိုက

"နင် ဘယ်ချိန်ပြန်လာမှာလဲ မန်ဒီ" လို့ ကျွန်မကို လှမ်းမေးလိုက်တယ်။

"ငါဘယ်တော့မှ ပြန်မလာဘူး။ ယာခင်းထဲမှာပဲ ငါ့အဖေနဲ့ တစ်သက်လုံး နေတော့မယ်"လို့ ကျွန်မနောက်ကိုလှည့်ပြီးပြောလိုက်တော့

"အဲဒါဆို နင်ဘယ်သူနဲ့ကစားမှာလဲ"လို့ ခန်ကိုက ကျွန်မကိုထပ်မေးလိုက်တယ်။

"ဘယ်သူနဲ့မှ မကစားဘူး၊ ငါကစားဖို့သွားမှာ မဟုတ်ဘူး။ အရေးကြီးတဲ့ အလုပ်တွေလုပ်ဖို့ ငါတို့ယာခင်းတွေကို စောင့်ရှောက်ဖို့သွားမှာ" ဆိုပြီး ကျွန်မက ဂုဏ်ယူစွာနဲ့ ပြောလိုက်တယ်။

အဖေနဲ့ကျွန်မဟာ မြည်းစီးပြီးထွက်လာတော့ ဖြတ်လာခဲ့တဲ့ တစ်ဖက်တစ်ချက်စီမှာ တောင်ကုန်းတွေ တောအုပ်တွေကကျွန်မ အတွက်တော့ အသစ်အဆန်းဖြစ်နေတယ်။ အဖေက သူ့ရဲ့လှံတံ၊ ပုဆိန်နဲ့ တုတ်ချောင်းအရှည်ကြီးတစ်ချောင်းကို ကိုင်ထားတာဖြစ်လို့ ကျွန်မ ဘာကိုမှ ကြောက်မနေခဲ့ဘူး။ လမ်းတစ်လျှောက်လုံးအဖေနဲ့ကျွန်မတို့ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြတယ်။

"ဒီကိုမလာခင် သမီးကို အဖေပြောထားတယ်နော်။ ယာခင်းတွေကို သေချာစောင့်ရမယ်" လို့ပြောလိုက်တော့ ကျွန်မက

"အဲဒီမှာ မကောင်းဆိုးဝါး သရဲတွေရှိသလား"လို့ အဖေ့ကိုမေးလိုက်တယ်။ အဲဒီအချိန်မှာ အဖေက တစ်ခုခုကို စဉ်းစားနေပုံပဲ။ နောက်တော့

"အဖေ သားလေးဘာဘိုကိုလည်း ဒီကိုခေါ်လာသင့်တယ်။ ဒီတောထဲမှာ

သရဲတွေအများကြီးပဲလို့ အဖေက ပြန်ပြောခဲ့တယ်။

"အဖေ သရဲတွေရှိတယ်ဆို သမီးတစ်ယောက်တည်း မနေနိုင်ဘူးနော်။ သမီးကို အိမ်ပြန်ပို့ပေး"လို့ အဖေ့ကို ပြန်ပြောလိုက်တယ်။ အဲဒီတော့အဖေက

"တကယ်လို့ သမီးကို အိမ်ပြန်ပို့လိုက်ရင် ယာခင်းကို ဘယ်သူ စောင့်ပေးမှာလဲ၊ ငှက်တွေကို ဘယ်သူလှန့်ပေးမှာလဲ" လို့ အဖေပြန်ပြောလိုက်တယ်။ ကျွန်မလည်း တဖြည်းဖြည်း ဝမ်းနည်းလာပြီး

"အဖေ့ပြောင်းစပါးတွေ ငှက်တွေမစားအောင်လို့ သရဲတွေက ခြောက်လှန့်ပေးမှာပေါ့"လို့ ကျွန်မကပြောတော့ အဖေက

"သမီးကပဲ ပိုလုပ်နိုင်မယ်လို့ အဖေထင်တယ်"လို့ အဖေက ခေါင်းခါပြီး ခပ်အေးအေးပဲပြောတယ်။ ကျွန်မတို့စီးလာတဲ့ မြည်းကို ခြေထောက်နဲ့ကန်ပါတော့တယ်။

"ဟေ့ မြည်းကို မကန်နဲ့လေသမီး အဲဒီလိုကန်နေလို့ မြည်းကပြေးရင် အဖေတို့ပြုတ်ကျကုန်လိမ့်မယ်"လို့ အဖေကပြောလိုက်တယ်။

"ပြုတ်ကျရင်လည်း ပြုတ်ကျပလေ့စေ။ သရဲတွေနဲ့နေတာထက် စာရင်တော့ ဘာပဲဖြစ်ဖြစ် ပိုကောင်းပါတယ်။ အဖေလည်းဆက်ပြီး မျက်နှာမတည်နိုင်တော့ဘဲ

"သမီးမန်ဒီရယ် အဖေ သမီးကိုစတာပါ"လို့ သူကပြန်ပြောခဲ့တယ်။ တောထဲမှာ ဘာသရဲမှမရှိဘူး။ သမီးဘေးကို ကြည့်လိုက်သရဲကိုမြင်ရလို့လား"

"ဟင့်အင်းမမြင်ရဘူး"လို့ပြောပြီး ကျွန်မငိုတာ တဖြည်းဖြည်း ရပ်သွားတယ်။ အဖေလည်း ကျွန်မကို ကြိုးစားချော့မော့ပေမယ့် ကျွန်မ ခဏလောက်တော့စိတ်ဆိုးသွားတယ်။

"အဖေသမီးကိုမချစ်ဘူး။ သရဲတွေနဲ့ပဲနေခိုင်းတယ်။ သရဲတွေက သမီးကို ခြောက်ရင် သမီးသေမှာ" လို့ စိတ်ဆိုးဆိုးနဲ့ အဖေ့ကိုပြောလိုက်တယ်။

"အဖေနောက်တာပါ။ အဖေနဲ့သမီး အတူတူရှိမယ်လေ" လို့အဖေက ချော့မော့ပြန်ပါတယ်။

ကျွန်မတို့ ခရီးအတော် ရောက်လာတဲ့အခါ ထူးဆန်းတဲ့ ပတ်ဝန်းကျင်တွေကို စတင် မြင်တွေ့ရပါတယ်။ ဘေးတစ်ဖက်တစ်ချက်စီမှာ သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေပြီး မကြာခင်က ရွာထားတဲ့မိုးကြောင့် သစ်ပင်ပေါ်မှာ မိုးစက်လေးတွေ တွဲလွဲခိုနေကြပြီး စိုတိစိုထိုင်း ဖြစ်နေကြပါတယ်။ ချောင်းငယ်လေးတွေက တစ်ဆင့် သစ်ပင်ကြီးတွေကို ဖြတ်သန်းပြီး မြွေလိမ်မြွေကောက်လို ရေတွေ စီးဆင်းနေတယ်။ မိုးရာသီကုန်သွားရင်တော့ မြွေလိမ်မြွေကောက် ချောင်းငယ်လေးတွေကို မတွေ့ရသလောက်ပဲလို့ အဖေက ပြောပါတယ်။ ကျွန်မတို့ ချောင်းငယ်တစ်ခုကို ဖြတ်ရတော့မယ် ဖြစ်ပါတယ်။ အဲဒီချောင်းငယ်က ရေတွေပြည့်လျှံနေပြီး ဖြတ်ကူးဖို့အတွက် အန္တရာယ်ရှိပါတယ်။ နောက်ဆုံး ရေစီးအရှိန်လျော့တဲ့ အထိစောင့်ပြီး အဖေကကျွန်မကို ကုပ်ပေါ်တင်လို့ ဖြတ်ကူးခဲ့ရတယ်။ နောက်ဆုံးမှာ ကျွန်မတို့ အခြားဘက်ကမ်းကို ရောက်ခဲ့တယ်။ အဖေလည်း ကျွန်မကိုသူ့ကုပ်ပေါ်ကနေ အောက်ကိုချပြီး အရမ်းမောနေလို့ ခဏထိုင်နားလိုက်တယ်။ အမောပြေတော့ တစ်ဖက်ကမ်းမှာ ထားခဲ့တဲ့မြည်းကို ပြန်သွားခေါ်တယ်။ ကျွန်မကို

"အန္တရာယ်ရှိတယ် ချောင်းစပ်နဲ့ ဝေးဝေးနေ"လို့ သတိပေးတယ်။ သိပ်မကြာခင် အဖေလည်းမြည်းကို ဇက်ကြိုးကနေဆွဲပြီး ဒီဘက်ကမ်းကို ဆွဲခေါ်လာခဲ့တယ်။ မြည်းကလည်း ကြောက်လန့်တကြားနဲ့ ငယ်သံပါအောင် အော်နေတယ်။ အဖေက ဒီဘက်ကမ်းကိုရောက်ဖို့ မြည်းဇက်ကြိုးကိုဆွဲ ထိန်းပြီး ယူလာရတဲ့ မြင်ကွင်းကိုတွေ့နေရတာ ကျွန်မအတွက် ရယ်စရာဖြစ်နေ

တယ်။ အဖေက ကျွန်မကို "သမီး ဘာဖြစ်လို့ အဖေ့ကိုကြည့်ပြီး ရယ်နေတာလဲ။ ဒါက ရယ်စရာဖြစ်နေလို့လား။ မြည်းသာ ရေထဲမျောသွားမယ် ဆိုရင် စားစရာတွေ ရေထဲပါသွားပြီး အဖေတို့ ငတ်ကုန်ကြမှာပေါ့သမီးရဲ့။ ရွာကို ပြန်သွားရင်လည်း အဖေတို့ကို ဝိုင်းလှောင်ကြမှာပေါ့"လို့ အဖေက စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်မကိုပြောပါတယ်။ နောက်ဆုံးမှာတော့ အဖေက ပြောပြောဆိုဆိုနဲ့ မြည်းဇက်ကြိုးကိုဆွဲပြီး ချောင်းဒီဘက်ကို ရောက်လာပါတယ်။ တောင်ကုန်း နှစ်ကုန်းလောက်ကိုဖြတ် မြေပြန့်ဘက်ကို ဆင်းလာပါတယ်။ နေ့လယ်ဘက်ရောက်တော့ ကျွန်မတို့ တောအစွန်ကို ရောက်နေပြီး မျက်စိတစ်ဆုံး ကြည့်လိုက်ရင် သစ်ပင်ကြီးတွေကို လုံးဝမတွေ့ရတော့ပါဘူး။ ကျွန်မဟာ တောတောင်တွေနဲ့ နေသားကျပြီးသားမို့ သစ်ပင်တွေရှိတဲ့ တောတွေတောင်တွေက ကျွန်မအတွက် နွေးထွေးမှုရှိတယ်လို့ ခံစားရပါတယ်။ အခုတော့ ကျွန်မအကြိုက်နဲ့ တစ်ခြားစီပါပဲ။ မျက်စိတစ်ဆုံး ကြည့်လိုက်တိုင်း လွင်တီးခေါင်ကြီးတွေပဲ တွေ့နေရပါပကော။

"အဖေ သမီး ဒီလိုနေရာမှာ နေရတာမကြိုက်ဘူး"လို့ ပြောလိုက်တော့

"အဖေလည်း ဒီလိုနေရာမှာ နေရတာကို မကြိုက်ပါဘူးသမီးရယ်။ ဒါပေမယ့် ဒီနေရာမှာရှိတဲ့ မြေဆီမြေသြဇာတွေက စိုက်ပျိုးရေးလုပ်လို့ ကောင်းတယ်သမီးရဲ့" လို့ အဖေက ကျွန်မကို ပြန်ပြောပြပါတယ်။

"ဟိုမှာလေ အဖေ့ယာခင်းတွေ"လို့ ကျွန်မကို လက်ညှိုးထိုးပြပါတယ်။ ယာခင်းရဲ့ အစွန်တစ်ဖက်မှာတော့ တဲအိမ်ကလေးတစ်လုံး ရှိပါတယ်။ တဲထဲမှာတော့ ကျောက်တုံးလေးတုံးနဲ့ ဖိုခုံလောက်လုပ်ထားတဲ့ မီးလင်းဖိုတစ်ခုရှိပါတယ်။ နောက် အိပ်ရာခင်း တစ်ခုရှိပါတယ်။ ကျွန်မတို့နဲ့ပါလာတဲ့ မြည်းပေါ်ကပစ္စည်းတွေချပြီး တဲရဲ့ထောင့်တစ်နေရာ မှာ ထားလိုက်ပါတယ်။ အဲနောက် မီးမွှေး ရေနွေးအိုးတည် စိုလာတဲ့ အဝတ်တွေကို

နေပူလှန်းဖို့ လုပ်ပါတော့တယ်။

အဖေနဲ့ကျွန်မလည်း အမေပြင်ဆင်ပေးလိုက်တဲ့ အစားအသောက်တွေကို စားသောက်ပြီးတဲ့နောက်မှာ အဖေက မီးလင်းဖိုဘေး အိပ်ရာခင်းလေးခင်းပြီး .. စိတ်အေးလက်အေး လှဲချလိုက်ပါတယ်။ ကျွန်မလည်း အဖေ့ဘေးနားလှဲပေ့ါ။ အဖေနဲ့ကျွန်မ ခရီးတစ်လျှောက်လုံး မြည်းစီးလာရတဲ့အတွက် ပင်ပန်းလို့ ဘယ်အချိန်အိပ်ပျော်သွားမှန်းတောင် မသိလိုက်ပါဘူး။ မနက်လင်းသွားတော့အဖေက မနက်စာစားဖို့ ကျွန်မကို လာနှိုး။ အဖေနဲ့ကျွန်မတို့ မနက်စာစားပြီး အလုပ်လုပ်ဖို့ ထွက်ခဲ့ကြပါတယ်။ ကျွန်မတို့ ယာခင်းဘေးမှာလည်း အခြားနူဘာမျိုးနွယ်စုတွေ စိုက်ပျိုးနေကြပါတယ်။ အဖေနဲ့ကျွန်မတို့ဟာ နှစ်ရက်လောက် ယာခင်းထဲမှာ စိုက်ပျိုးရေးအတွက် အလုပ်လုပ်ခဲ့ရပြီး သုံးရက်မြောက်နေ့ မနက်စာစားပြီးတော့

"အဖေ ဒီနေ့ရွာကိုပြန်ရမယ်" အဖေက အေးအေးဆေးဆေးနဲ့ ကျွန်မကို ပြောပါတယ်။

"အဖေမရှိဘဲနဲ့ တောထဲမှာ သမီးတစ်ယောက်တည်း မနေနိုင်ဘူး။ မနေရဲဘူး။ ကြောက်တယ်အဖေ" ငိုသံပါပါနဲ့ ကျွန်မ အဖေ့ကို ပြန်ပြောပါတယ်။

"သမီးကို အဖေပြောထားတယ်လေ ငှက်တွေမလာအောင် ခြောက်လှန့်ပေးရမယ် လို့လေ။ တစ်ရက်ထဲပဲ စောင့်ပေးရမယ်။ မနက်ကျရင် အဖေ သမီးကို ပြန်လာခေါ်မယ် သရဲဆိုတာ သမီးကို စရုံသက်သက်ပါ။ အဖေပြောတာ သမီးနားလည်လား" အဖေက ကျွန်မကို လေးလေး နက်နက်ပြောပြပါတယ်။ နေဝင်တဲ့အခါကျရင် ဟို ဟိုးဘက်နားက ဦးလေး ဂျီရွှန်ဂီရဲ့ တဲထဲမှာလည်း သွားအိပ်လို့ရတယ်" လို့ အဖေက ပြောပြပါတယ်။

"သမီး ငှက်တွေကို ကြည့်ထားမှာမဟုတ်ဘူး။ အဖေ့ယာတောထဲက ပြောင်းတွေစားလည်း ထိုင်ကြည့်နေမှာ"လို့ မျက်နှာစူပုပ်ပြီး ပြန်ပြောပါ

တယ်။

"မလုပ်ပါနဲ့သမီးရယ်၊ သမီးက လိမ္မာပါတယ်"လို့ပြောပြီးအဖေက အဝတ်အစားတွေဝတ်ပြီးတော့ မြည်းပေါ်ကို တက်လိုက်ပါတယ်။ အဲဒီနောက် အဖေက တောဘက်ကို ဦးတည်ပြီး ထွက်သွားပါတယ်။ ကျွန်မလည်း မျက်ရည်တွေကိုသုတ်ပြီး အသံကုန်ဟောင်ဟစ်ရင်း အဖေ့နောက်က ပြေးလိုက်သွားပြီး

"သမီးကို မထားခဲ့ပါနဲ့အဖေ၊ အဖေနဲ့အတူ ရွာကိုပြန်လိုက်မယ်၊ အဖေ သမီးကို ဒီမှာ မထားခဲ့ပါနဲ့။ သမီး သေလိမ့်မယ်အဖေ"လို့ ကျွန်မ အော်နေပါတယ်။ အဖေက

"မန်ဒီ ယာတဲကိုပြန်သွား၊ ပြန်သွားလို့ ပြောနေတယ်လေ"လို့ မြည်းပေါ်ကနေ နောက်လှည့်ပြီး ပြောပါတယ်၊

အဖေပြောတာကို ဂရုမစိုက်ဘဲ အဖေ့နောက်ကို ကျွန်မ ပြေးလိုက်နေတုန်းပါပဲ။ အဖေ့မြည်းကလည်း ပြေး ကျွန်ကလည်း နောက်ကနေ အမောတကောနဲ့ ပြေးလိုက်ပေါ့။ နောက်ဆုံး အဖေက မြည်းကိုရပ်လိုက်ပြီး ကျွန်မ မြည်းဆီကို ပြေးလာလို့ မှီသွားတဲ့အခါ မြည်းပေါ်က ဆင်းလာပြီး ကျွန်မကို သိုင်းပြီးဖက်လိုက်တယ်။ ပြီးတော့အဖေက "သမီး ရွာကို အဖေနဲ့ ပြန်လိုက်လို့ မရဘူး။ ယာကွင်းဆီသွားပြီး ငှက်တွေမလာအောင် စောင့်ရှောက်ပါနော်"လို့ သွေးအေးအေးနဲ့ ပြောပါတယ်။ ကျွန်မကဆက်ငိုနေပြီး အဖေ့ရင်ဘတ်ကို လက်နဲ့ထုနေပါတယ်။

အဖေနဲ့ကျွန်မ တဲကိုပြန်လာတဲ့အခါ သစ်ပင်တစ်ပင် အောက်ရောက်တော့ အဖေက ကျွန်မကို သူ့ရဲ့ပေါင်ပေါ်မှာ ထိုင်ခိုင်းပြီး ကျွန်မရဲ့ ဆံပင်တွေကို လက်နဲ့သပ်ရင်း

"မန်ဒီ အဖေပြောတာကို နားထောင်သမီး၊ သမီးသာ အဖေနဲ့ ပြန်လိုက်

လာမယ်ဆိုရင် ငှက်တွေက ပြောင်းတွေကို စားပစ်ကြမှာ။ အဲဒီတော့ အဖေတို့ယာခင်း အထွက်ကောင်းမှာ မဟုတ်ဘူး။ ဖေဖေတို့ မိသားစုတစ်ခုလုံး စားစရာမရှိ ဒုက္ခရောက်ကုန်ကြမှာ သမီးအဲဒီလို ဖြစ်စေချင်လို့လား။ အဖေက ကျွန်မကို နူးညံ့စွာနဲ့ပြောပါတယ်။

"သမီးမိသားစုကို ဒုက္ခဘယ်ရောက်စေချင်မှာလဲ အဖေ"လို့ ခေါင်းခါရင်း ဖြည်းဖြည်းလေး ပြောပါတယ်။

"အဲဒီလိုဆို သမီး ဒီမှာနေခဲ့ရမယ်။ သမီးသတ္တိရှိရမယ်။ အဖေ့ကတိအတိုင်း သမီးကို မနက်လာခေါ်မယ် ဟုတ်ပြီလားဒီတစ်ခါ အဖေ ပြန်သွားရင် မငိုနဲ့နော် ... အဖေ့ကိုပြုံးပြနော် သမီးလေး" လို့ပြောပြီး မြည်းပေါ်တက်လိုက်ပါတယ်။

အဖေမြည်းပေါ် တက်လိုက်တဲ့အခါ ငိုတာကိုရပ်လိုက်ပြီးအဖေ့ကို ကြိုးစားပြုံးပြလိုက်တယ်။

"အဖ မနက်ပြန်လာခဲ့မယ်နော် သမီး"လို့ လှမ်းအော်ပြီး မြည်းစီးပြီး ထွက်သွားပါတော့တယ်။ အဖေ တောအုပ်လေးထဲ မြည်းစီးပျောက်ကွယ် သွားတာကိုကြည့်ရင်း ကျွန်မ ရုတ်တရက် အထီးကျန်သလို ခံစားရပြီး ဝမ်းနည်းနေမိတယ်။ ကျွန်မ အတော်ကြာ ထိုင်နေပြီးနောက် ယာတော ထဲလာတဲ့ ငှက်တွေကို

"သွားစမ်း တော်တော်ဒုက္ခပေးတဲ့ ငှက်တွေ ဝေးဝေးနေကြစမ်းပါ" လို့ ပြောပြီး ငှက်တွေကို အနီးနားမှာရှိတဲ့ ကျောက်တုံးတွေနဲ့ ပစ်ပေါက်နေပါတယ်။

တစ်နေ့လုံးလည်း တောအုပ်ထဲကနေလာတဲ့ တိရစ္ဆာန်တွေရဲ့ အသံတွေကို ကျွန်မစိတ်ထဲ ကြားယောင်နေပါတယ်။ ညနေစောင်းတော့ ဦးလေးဂျီရှန်ဂီရဲ့ ယာခင်းထဲကို ကြောက်အားပိုပြီး ပြေးသွားတာ ခဏလေးပဲကြာခဲ့ပါတယ်။

ဦးလေးက သူ့ယာတဲရောက်တော့ ဆိတ်နို့နဲ့ ဆန်ပြုတ်နည်းနည်း ကျွေးပါတယ်။ အဲဒီနောက် အဖေ့နောက်ကို ပြေးလိုက်ပြီးငိုခဲ့ရတဲ့ ပင်ပန်းမှုကြောင့် ခဏလေးနဲ့ အိပ်ပျော်သွားပါတယ်။

မနက်ရောက်တော့ ယာခင်းထဲပြေးငှက်တွေကို လိုက်မောင်းထုတ်ခဲ့ပါတယ်။ တောအုပ်လမ်းလေးကို ကြည့်ရင်း အဖေပြန်လာမလားလို့ မျှော်နေမိပါတယ်။ ဒါပေမယ့် အဖေ ရောက်မလာပါဘူး။ နေ့လယ်ခင်း ရောက်တော့ ရွာက မိန်းမကြီးတစ်ယောက် ကျွန်မယာတောဘက်ကို ရောက်လာပါတယ်။

"ကျွန်မအဖေက ခုအချိန် ဘာလို့ မရောက်သေးတာလဲ။ အဖေ ဒီမနက် ပြန်လာမယ်ဆိုပြီး ပြောခဲ့တာ"လို့ အမျိုးသမီးကြီးကို မေးလိုက်တော့ အမျိုးသမီးကြီးက

"သမီးအဖေက ဒီနေ့ မလာနိုင်တော့ဘူး။ မနက်ဖြန်မှပဲ လာနိုင်တော့မယ်ဆိုပြီး အဒေါ်ကို ပြောလိုက်တယ်" လို့ ကျွန်မကိုပြန်ဖြေပါတယ်။

ကျွန်မ အကျဉ်းကျသလို ခံစားလိုက်ရတယ်။ နောက်တော့ နားလည်လိုက်တာက အဖေနောက်ကျတာ တစ်ခုခုလုပ်စရာရှိလို့ နေမှာပေါ့လို့။ အဖေ့ကို စောင့်နေရုံကလွဲလို့ ကျွန်မမှာ ရွေးချယ်စရာမရှိပါဘူး။ ကျောက်ခဲတွေကောက် ယာခင်းထဲလာတဲ့ ငှက်တွေကို ခြောက်လှန့်ပစ်နေခဲ့တယ်။

နေ့လယ်ဘက်ရောက်တော့ တောအုပ်ထဲကနေလာတဲ့ ချောက်ချားဖွယ်အသံတစ်သံကို ကြားခဲ့ရတယ်။ လာတဲ့အသံရဲ့ ပဲ့တင်ထပ်သံတွေဟာ သစ်ပင်တွေမှာ ပဲ့တင်ထပ်နေတယ်။ နောက်ထပ် ဘေးပတ်လည်ကို ကြည့်တဲ့အခါ အသံတစ်သံကို ထပ်ကြားရတော့ ကျောချမ်းသွားတယ်။ တောရိုင်းခွေးတွေရဲ့ ကြောက်မက်ဖွယ်အသံ ကြားနေရတာဖြစ်ပါတယ်။ တောခွေးတွေဆိုတာ အထူးသဖြင့် ကလေးတွေရဲ့ အသားကိုစားရတာ အရမ်းကြိုက်

လှပါတယ်။ အသံဘယ်ကလာသလဲ ဆိုတာ အရပ်မျက်နှာပေါင်းစုံကို လိုက်ကြည့်ပြီးရှာပါတယ်။ ကျွန်မတစ်ကိုယ်လုံး တုန်ရီပြီး ကြောက်သထက်ကြောက်လာမိတယ်လို့ ခံစားရပါတယ်။

ရုတ်တရက် သစ်ပင်ကြားထဲ လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ အကောင်တစ်ကောင်ကို တွေ့လိုက်ရတယ်။ အဲဒီအကောင် ကျွန်မယာတောအိမ်ဘက်ကို လာနေတာကို ကျွန်မ ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိပါတယ်။ ကျွန်မ လှုပ်လိုက်ရင် သူကြားသွားပြီး ကျွန်မဆီ ရောက်လာမှာကို ကျွန်မအရမ်းပဲကြောက်နေမိတယ်။ အခုလိုပဲရပ်နေမယ်ဆိုရင် သူအနံ့ခံလို့ရနိုင်တယ်။ နောက်ဆုံးမှာတော့ ကြောက်စိတ်ကြောင့် ကျွန်မပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မတို့ယာခင်း အလယ်မှာရှိတဲ့ သစ်ပင်တစ်ပင်ကိုပြေး အနိမ့်ဆုံးကိုင်းပေါ် ခုန်တက်လိုက်ပါတယ်။ ကျွန်မ ရွာအနောက်မှာရှိတဲ့ သစ်ပင်တွေပေါ် ဆော့ကစားရင်း နေလာခဲ့ရသူမို့ အခုအချိန်မှာ ကျွန်မအတွက် သိပ်မခက်လှပါဘူး။ ကျွန်မခြေထောက်တွေ တုန်နေတာကိုတော့ ခံစားမိပါတယ်။ အဲဒီတောခွေးတွေ ကျွန်မကို မမြင်ခဲ့ပါဘူး။ ကျွန်မကို မြင်သွားမှာ ကျွန်မအနံ့ရသွားမှာကို အရမ်းစိုးရိမ်နေမိပါတယ်။ သူတို့သစ်ပင်ပေါ်ကို မတက်နိုင်တာ သိပေမယ့် ကျွန်မအိပ်ဖို့ အောက်ဆင်းသွားတဲ့အခါ အောက်မှာစောင့်နေမှာ ရှိနေမှာကိုပဲ စိုးရိမ်ပြီး ကြောက်နေမိပါတယ်။ ကျွန်မ သစ်ပင်ပေါ်ကနေ ကြည့်လိုက်တဲ့အခါ တောရိုင်းခွေးတစ်ကောင် သားကောင်ကို ရှာနေပြီး လယ်ကွင်းထဲကို တဖြည်းဖြည်းနဲ့ လာနေတာကို တွေ့နေရပါတယ်။ သူ့ရဲ့ရှေ့မှာ တောကြက်ကြီးတစ်ကောင် ရှိနေပါတယ်။ တောကြက်ကြီးနားတဖြည်းဖြည်း ခြေသံမကြားတောင် တိုးသွားပြီး တရှေ့ရှေ့နဲ့ လှမ်းလာရင်း တောကြက်ကြီးကို ခုန်အုပ်လိုက်ပါတယ်။ သားကောင်ရဲ့ အပေါ်ပိုင်းတစ်ခုလုံးကို ပါးစပ်ထဲငုံထားပြီး အောက်ပိုင်းကို သူ့ရဲ့ခြေဖဝါးနဲ့ ညှပ်ထားပါ

တယ်။ သားကောင်ငြိမ်သွားတဲ့အခါ တဖြည်းဖြည်းနဲ့ တောထဲကို ဝင်သွားရင်း ပျောက်ကွယ်သွားပါတယ်။ အဲဒီ သားကောင်နေရာမှာ ငါသာဖြစ်ခဲ့မယ်ဆိုရင် ဆိုတဲ့အတွေးနဲ့ ကျွန်မ အရမ်းကြောက်သထက် ကြောက်လာပါတယ်။ အချိန်အတော်ကြာမှ သစ်ပင်ပေါ်က ဆင်းလာပြီး ဦးလေးယာခင်းဘက်ကို အမြန်ဆုံး ပြေးသွားခဲ့ပါတယ်။ ဦးလေးကိုတွေ့တဲ့အခါ သူ့ကို ပြေးဖက်ပြီးချိန်မှာတော့ စိတ်ပူနေတဲ့ ကျွန်မရဲ့ဦးလေးက

"ဘာဖြစ်လို့လဲသမီး"လို့ ကျွန်မကိုမေးတယ်။ ကျွန်မက

"ဦးလေး သမီးဆီကို တောခွေးတစ်ကောင် ရောက်လာတယ်"လို့ ကျွန်မကပြောလိုက်တော့ ဦးလေးက

"တောရိုင်းခွေးတွေက သမီးဆီကို လာတာမဟုတ်ဘူး။ ငှက်တွေ ကြက်တွေ အမဲလိုက်ဖို့လာတာ သမီးရဲ့" လို့ ကျွန်မကို ပြောပါတယ်။

"ဦးလေးကသာ သမီးဆီ မလာဘူးပြောနေတာ သမီးတဲနားရောက်လာလို့ သစ်ပင်ပေါ် တက်ပြေးရတယ် ဦးလေးရဲ့" လို့ ကျွန်မက ပြန်ပြောလိုက်တဲ့အခါ ဦးလေးဂျိဂွန်ဂီ ဝါးလုံးကွဲအောင် ဟက်ဟက်ပက်ပက် ရယ်ပါတော့တယ်။

"သမီးမနက်ဒီ ယာခင်းထဲ မသွားနဲ့တော့။ ဒီနေ့ သမီးလည်း ပင်ပန်းနေပြီ ငှက်တွေလည်း အိပ်တန်းပြန်လောက်ပြီ ဆိုတော့ ဦးလေးယာတဲမှာပဲ ထမင်းစားအိပ်တော့၊ မနက်မှ ယာခင်းကို ပြန်တော့လေ" ဟု ကျွန်မကိုပြောပါတယ်။

ကျွန်မ ဦးလေးရဲ့တဲထဲကိုဝင် ဆိတ်နို့နည်းနည်း ဝင်သောက် ခြေထောက်လက်ထောက် ဆေးပြီး အရမ်းစားချင်တဲ့စိတ် မရှိတော့တာနဲ့ အိပ်ရာပေါ်လှဲနေလိုက်တယ်။ အိပ်ပျော်သွားတော့ တစ်ညလုံးပဲ တောရိုင်းတိရစ္ဆာန်တွေ ကျွန်မကို လာတိုက်ခိုက်တဲ့အကြောင်း အိပ်မက်တွေ မက်နေခဲ့တယ်။

နောက်နေ့မနက် ရောက်တဲ့အခါ ယာခင်းထဲသွားတော့ ဦးလေးပါ ကျွန်မနဲ့ လိုက်လာခဲ့တယ်။ ယာခင်းထဲမှာ ဘာတောကောင်မှ မတွေ့ရလို့ ကျွန်မ စိတ်အေးသွားပါတယ်။ ဦးလေးပြန်သွားတဲ့အခါ ငှက်တွေကို စောင့်ကြည့်ရင်း တောရိုင်းခွေးအန္တရာယ်ကို ရင်တမမနဲ့ အဖေရွာက ပြန်လာမှာကို မျှော်နေမိပါတယ်။

သိပ်မကြာလိုက်ပါဘူး။ တောအုပ်ဘက်ကနေ "မန်ဒီ မန်ဒီ မန်ဒီ"ဆိုတဲ့ အော်ခေါ်တဲ့အသံ တောအုပ်ဘက်က ထွက်လာပါတယ်။ ကျွန်မ အရမ်းစိတ်သက်သာရာ ရသွားပါတယ်။ အဖေ့ကိုပြေးဖက်ပြီး နမ်းချင်ပေမယ့် စိတ်ဆိုးဟန် ဆောင်နေလိုက်တယ်။

အဖေက ကျွန်မပခုံးနှစ်ဖက်ကို ကိုင်ပြီး

"သမီးကို အဖေပြောခဲ့တယ်လေ။ တောရိုင်းတိရစ္ဆာန်တွေ လာလိမ့်မယ် သမီး သတိထားနေလို့။

ကျွန်မမျက်နှာပေါ်က မျက်ရည်တွေသုတ်ပြီး ရှင်းပြပါတယ်။

"သမီးဆီကို တောရိုင်းခွေးတစ်ကောင် ရောက်လာတယ်။ သမီးသာ သစ်ပင်ပေါ် တက်မပြေးခဲ့ဘူး ဆိုရင် အခုအချိန် အဖေသမီးကို တွေ့ရမှာ မဟုတ်ဘူး"

"သမီးကလည်း ဒီမှာ ဘာတောကောင်မှ မရှိပါဘူး" အဖေမနေ့က မလာလို့ သမီးအဖေ့ကို စိတ်ဆိုးနေတာမဟုတ်လား" လို့ အဖေက ပြန်ပြောပါတယ်။

"မယုံရင် ဦးလေးဂျိုဂွန်ဂီကို မေးကြည့်ပါလား။ သမီးမလိမ်ဘူး။ သမီးနဲ့ လိုက်ခဲ့။ မြေကြီးပေါ်မှာ တောရိုင်းခွေး ကိုက်ချီသွားတဲ့ တောကြက်ရဲ့ သွေးတွေရှိတယ်။ အဖေ့ကို သမီးပြမယ်" လို့ ပြောပြီးသွေးစက်လေးတွေကို

လိုက်ပြပါတယ်။

ဝမ်းနည်းနေတဲ့ ကျွန်မမန်ဒီကို အဖေက ဖက်လိုက်ပြီး

"သမီးနဲ့တွေ့ဖို့ ရွာကနေ သမီးအမေနဲ့ အစ်ကိုအစ်မတွေ လိုက်လာတယ်လေ"လို့ ပြောပြီး အဖေက အမေတို့လာနေတာကို လက်ညှိုး ထိုးပြလိုက်တယ်။ ကျွန်မလည်း အမေနဲ့ ညီအစ်ကို မောင်နှမတွေ တွေ့လိုက်ရလို့ စိတ်သက်သာရာ ရသွားပါတယ်။

အဖေ သမီးလက်မောင်းတောင် အကိုက်ခံလိုက်ရသေးတယ် အဖေ"

"ဘာ ငါ့သမီးလက်ကို တောခွေးကိုက်ခံရတယ် ဟုတ်လားပြစမ်း" လို့ ပြောပြီး အဖေက ကျွန်မရဲ့ညာဘက် လက်မောင်းရော ဘယ်ဘက်လက်မောင်းရော သေသေချာချာ ကြည့်ပါတယ်"

"မနေ့က အဖေမလာလို့ စိတ်ကောက်ပြီး အဖေစိုးရိမ်အောင် ပြောလိုက်တာ အဖေ"လို့ ကျွန်မအဖေ့ကို ပြောလိုက်တယ်။

"တောင်းပန်ပါတယ်သမီးရယ် အဖေအရေးကြီးကိစ္စ ပေါ်လာလို့ပါ။ သမီးအမေနဲ့ အစ်ကိုအစ်မတွေကို နှုတ်ဆက်လိုက်ဦး။ သူတို့က သမီးကိုအရမ်းတွေ့ချင်နေတာ"လို့ အဖေကပြောတော့ မိသားစုဝင်တွေကို ကျွန်မကပြုံးပြပြီး နှုတ်ဆက်လိုက်ပါတယ်။

အဲဒီနောက် အဖေက တောကြက်ကြီး တစ်ကောင်ကိုဖမ်း၊ ကျွန်မတို့မိသားစုဝင်တွေက အမွေးနုတ် အဲဒီညမိသားစုတွေ ထမင်းလက်ဆုံ စားကြပါတော့တယ်။ ကျွန်မတို့မိသားစု ယာတဲထဲ တစ်ပတ်နီးပါး နေခဲ့ကြတယ်။

အဲဒီလိုနဲ့ ရွာကိုပြန်ရောက်တော့ နောက်တစ်ခါ အဖေသူ့ယာတဲထဲ သွားဖို့ကျွန်မကို ခေါ်တဲ့အခါတိုင်း တောကောင်တွေရှိတဲ့နေရာမှာ တစ်ယောက်ထဲထားခဲ့မှာစိုးလို့ အမြဲငြင်းဆိုခဲ့ပါတယ်။ အဖေနဲ့ကျွန်မရဲ့ အဲဒီအမှတ်တရနေ့

ရက်တွေကို ပြန်တွေးရင်း ရယ်မောနေခဲ့မိပါတော့တယ်။

***